မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ချင်နာအောလ်ဒီမီရ်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ချင်နာအောလ်ဒီမီရ် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ အာလွတ်ခ်ဆန်သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အာလွတ်ခ်ဆန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၈ ရက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက် ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိ ပါဝင်

လူသားများ၊ အပင်များနှင့်တိရစ္ဆာန်များသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ ပတ်ဝန်းကျင်မှ လေထု၊ ရေထု၊ မြေထု သစ်တောသစ်ပင်တို့သည် သက်ရှိသတ္တဝါများအတွက် သဘာဝပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးစွမ်းနိုင်ပေသည်။

ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်း၊ ဇီဝမျိုးသုဉ်းခြင်းတို့သည် လူသားတို့၏ ပယောဂကြောင့်ဖြစ်ပေါ်နိုင်ပေသည်။

သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စပ်လျဉ်း၍ အစည်းအဝေးတစ်ရပ်ကို အောက်တိုဘာ ၈ရက်မှ ၉ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံတို့ နှစ်နိုင်ငံသစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများ ပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြပြီး အပြန်အလှန် နည်းပညာများဖလှယ်ခြင်း၊ လေ့လာခြင်းများ ဆောင်ရွက်သွားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမရှိစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှု၊ ရွှေ့ပြောင်းတောင်ယာ လျော့နည်းပပျောက်ရေးနှင့် Peat Land ဧရိယာစနစ်တကျ ထိန်းသိမ်းဆောင်ရွက်မှုတို့ကို အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ရေ၊ မြေ၊ သစ်တော သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းလျက်ရှိပြီး ဇီဝမျိုးများ မျိုးသုဉ်းခြင်းမှ လျော့နည်းပပျောက်ရန် ဆောင်ရွက်လျက်ရှိရာ အာရှတိုက်ရှိ ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံ ပါဝင်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်က သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိစေရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများ အပြန်အလှန် ဖလှယ်ခြင်းများ ပြုလုပ်လျက်ရှိရာ ပြည်သူများအပိုင်းကလည်း သဘာဝပတ်ဝန်းကျင်ကို အသိစိတ်ဓာတ်ရှိရှိ ပါဝင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Chinnery Assets Limited သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV CGG Harmattan ဖြင့် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၅ရက်မှ ၂၀၀၉ခုနှစ် ဧပြီ ၃၀ရက်ခန့် အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဧရိယာတည်နေရာ

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၃မိနစ် ၀၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၆မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၀၉မိနစ် ၀၀စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၆မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၃၅မိနစ် ၀၀စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၄မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၂၅မိနစ် ၀၀စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၂၀မိနစ် ၀၀စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာထား

သို့ဖြစ်၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV CGG Harmattan ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာအတွင်း ရေကြောင်းသတိပေးချက်(Notice to Mariner's)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈-၁၀-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အချစ်ချိုချို သမက်ခါးခါး** သရုပ်ဆောင်- နေတိုး ထွန်းထွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ ဥက္ကာဗို)
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူ့ရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ (English Usage)
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အပိုင်း(၂)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၁၅)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ CNG အရောင်းဆိုင်အမှတ် (၀၀၂)အင်းစိန်တွင် ကွန်ပျူတာစနစ်အသုံးပြုပြီး စနစ်တကျဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန်မြို့၌ CNG ယာဉ် ၂၀၀၀၀ကျော်ကို အရောင်းဆိုင် ၃၇ဆိုင်မှ ဓာတ်ငွေ့များ အလုံအလောက် ရောင်းချပေးနေ

ရန်ကုန် အောက်တိုဘာ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ၁၅ရက် မွန်းလွဲပိုင်းက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်းရှိ CNG မော်တော်ယာဉ်ဌာန အလုပ်ရုံ၌ CNG မော်တော်ယာဉ် ပြောင်းလဲတပ်ဆင်နေမှုနှင့် ယာဉ်နှစ်ပတ်လည် စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးအား CNG မော်တော်ယာဉ်ဌာန တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက CNG မော်တော်ယာဉ် ပြောင်းလဲတပ်ဆင်ခြင်းနှင့် ယာဉ်များ နှစ်ပတ်လည်စစ်ဆေးရေး ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေးပြည့်ဝသော ပစ္စည်းများကိုသာ အသုံးပြုရေးတို့ကို မှာကြားပြီး CNG ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် CNG အရောင်းဆိုင် ဆိုင်အမှတ် (၀၀၂) အင်းစိန်နှင့် ဆိုင်အမှတ်(၀၀၁) သမိုင်းတို့၌ ယာဉ်များကို CNG ဓာတ်ငွေ့ဖြည့်သွင်း ရောင်းချနေမှုနှင့် ကွန်ပျူတာစနစ်များ အသုံးပြုပြီး ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလုံအလောက်ဖြန့်ဖြူး

ရန်ကုန်မြို့၌ ယနေ့အထိ CNG ယာဉ်အစီးရေ ၂၀၀၀၀ကျော် ကို CNG အရောင်းဆိုင် ၃၇ဆိုင်မှ ၂၄နာရီပတ်လည် ဓာတ်ငွေ့များ အလုံအလောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) အသက် (၇၅)နှစ်ပြည့်ပြီးသူ အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏ သားသမီးများမှ ၂၀၀၈ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်းဝင်း(ငြိမ်း)က ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(စစ်မှုထမ်းဟောင်းအဖွဲ့)

ဥတု ရာသီ တောကို မှီ၏

အောက်တိုဘာ ၁၇ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချင်နာအောလ်ဒီမီရ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းရှေ့ဖုံး)(သတင်းစဉ်)

အောက်တိုဘာ ၁၇ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ အာလွတ်ခ်ဆန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းရှေ့ဖုံး)(သတင်းစဉ်)

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အဋ္ဌမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို အောက်တိုဘာ၂၄ရက် (သောကြာနေ့)မှ ၂၇ရက်(တနင်္လာနေ့)အထိ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၌ ကျင်းပမည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲ၌ ဝိဇ္ဇာ၊ သိပ္ပံ၊ လူမှုရေးဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းပေါင်း ၃၀၆စောင်ကို အခန်း ၁၁ခန်းခွဲပြီး ပညာရှင်များက ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၀-၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **"အဘိဓမ္မာနေ့မြတ်အခါ"** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၈:၀၀-၂:၀၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၈:၂၀-၂:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅ Activities In The City (သန့်လေးသန့် အသိပညာပေးဟောပြောသရုပ်ပြပွဲ)
၉:၀၀-၃:၀၀ တစ်ပတ်အတွင်း အားကစားသတင်း
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ ရွှေမြိုင်ဆန်တန်းမှာ ... မျှော်မှန်း "မြတ်နိဗ္ဗာန်စခန်း" (အပိုင်း-၂)
၉:၄၀-၃:၄၀ အလောင်းမင်းတရားကြီး ကာတွန်းရုပ်ရှင်
၁၀:၀၅-၄:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀ မော်တော်ကားချစ်သူတို့အတွက် မော်တော်ကားမိတ်ဆက်ကဏ္ဍ
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅ ကလေးတို့အတွက်လက်ဆောင် (ရင်သွေးအိမ်မံစံပြမူကြို)
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ မြစ်ဧရာကိုဖြတ်ကျော်လို့ အလင်းစွမ်းအားပေးကြစို့
၁၁:၂၅-၅:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀ သွားမယ် စားမယ် (Lucky-1 Food & Drink)
၁၁:၅၀-၅:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅ Music Talk "တေးသစ်တေးဟောင်းအကြောင်းအစုံစုံ" (ဝိစိတြ)
၁၂:၀၅-၆:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ရွှေမင်းဝန် ဦးဘုန်းမြင့်နှင့်တွေ့ဆုံခြင်း)
၁၂:၃၀-၆:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅ ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်းတက်ရောဂါအားမေးမြန်းခန်း) (ဒေါက်တာချစ်စိုး)
၁၂:၅၀-၆:၅၀ သဘာဝအလှများ စုဝေးရာ ပူတာအိုမြို့
၁:၀၀-၇:၀၀ MRTV - 4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Middlesbrough-Chelsea	ESPN (Live)
၈:၂၅	Liverpool-Wigan	ESPN (Live)
	Arsenal-Everton	STAR SPORTS (Live)
၁၀:၅၅	Man Utd-West Brom	STAR SPORTS (Live)
၁၁:၀၀	Bolton-Blackburn	ESPN (SDD)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၁၀-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၈:၀၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၆။ တေးဂီတအစီအစဉ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ် ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်း ပြည်တွင်းသတင်းစဉ်
၁၂:၁၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာကုဋေကုဋာ** (အပိုင်း-၁၃)
၁၃:၀၀ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၃:၄၅ ၇။ **စိန်ခြယ်ဖြာရောင်လင်း** သုမောင်၊ကိုရူပ၊ အောင်ပြည့်၊ ဖိုးသောကြာ၊မေသဥ္ဇာဦး၊ ခင်ပြည့်စုံ [ဒါရိုက်တာ-သုမောင်]
၁၄:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၅၀ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၄:၅၀ ၅။ အတီးပြိုင်ပွဲ
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၄၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၅ ၁၃။ တေးဂီတအစီအစဉ်
၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သောရွှေငါး နတ်သမီးလေး** (အပိုင်း-၃၁)

အုတ်ဖိုအထက မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

အုတ်ဖိုမြို့ အထကတွင် ပညာသင်ကြားပေးခဲ့သော အသက်ဖြဝနှင့်အထက် ဆရာ ဆရာမများအား ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် အုတ်ဖိုမြို့နယ်ရှိ ကျောင်းများမှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ ဘက်စုံပညာထူးချွန်ဆုရသူများအား အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)မှ ပညာရည်ချွန်ဆုပေးပွဲကို ယခုနှစ် နိုဝင်ဘာ၉ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

သုံးနှစ်တစ်ကြိမ် အုတ်ဖိုမြတ်စွယ်တော်လှည့်လည်ပူဇော်ပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲသို့ သွားရောက်ရန် မော်တော်ယာဉ်များ နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂နာရီတွင် အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) အသင်းရုံးရှေ့မှ ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများနှင့် မြတ်ဆရာပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇ နှင့် ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဖဂန်နှင့်ပါကစ္စတန် နယ်စပ်တစ်လျှောက် ကန်တို့ဒုံးကျည်ဖြင့်ပစ်ခတ်၍ အရပ်သားများသေဆုံးရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၇

အာဖဂန်နစ္စတန်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ပါကစ္စတန်နိုင်ငံအတွင်းသို့ အမေရိကန်မောင်းသူမဲ့ လေယာဉ်တစ်စင်း ဝင်ရောက်လာခဲ့ပြီး ပါကစ္စတန်ထိန်းချုပ် နယ်မြေအတွင်း အောက်တိုဘာ ၁၆ရက်တွင် ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော ပါကစ္စတန်ပြည်သူ တစ်ဦးအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အဆိုပါဒေသသည် ပါကစ္စတန်နိုင်ငံက အလိုရှိနေသော စစ်သွေးကြွဘိုင်တူလာ မက်ဆု ခိုအောင်းရာနေရာ ဖြစ်သည်ဟုဆိုသည်။

ပြောကြား

ယင်းနေရာသည် ဝါဇီရစ္စတန် တောင်ပိုင်း၌ဖြစ်ပြီးအနည်းဆုံးအရပ်သား ငါးဦးသေဆုံးသွားကြောင်း ဒေသခံများက ပြောကြားသည်။

နှစ်ဦးသေဆုံး

ယင်းတိုက်ခိုက်မှု ဖြစ်ပွားနေစဉ် အတွင်း ဆဝပ်ခရိုင်၌လည်း အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ အနည်းဆုံးရဲတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့သည်။

ပစ်ခတ်တိုက်ခိုက်

မကြာသေးသည့် သီတင်းပတ်များက အမေရိကန်မောင်းသူမဲ့ လေယာဉ်များသည် အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက် ပါကစ္စတန်နိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့ တယ်တာဟာဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အပျက်အစီးများ ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် မိုဆူးလ်၌ လမ်းဘေးဗုံးပေါက်ကွဲ ခြောက်နှစ်အရွယ်ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာရ

မိုဆူးလ် အောက်တိုဘာ ၁၇

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အောက်တိုဘာ ၁၅ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ခြောက်နှစ်သားအရွယ် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း မိုဆူးလ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲ

မိုဆူးလ်မြို့ အရှေ့ဘက် အယ်တာဟာဒေသတွင် ကလေးငယ်နှစ်ဦးမှာ ကာတွန်းသေတ္တာ ဖွင့်ကြည့်ရာမှ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ယင်းကလေးငယ်နှစ်ဦး ဒဏ်ရာရရှိသွားခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ဟယ်လ်မန်း အောက်တိုဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန်းပြည်နယ်၌ အောက်တိုဘာ ၁၅ ရက်က ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်တစ်ခုကို တာလီဘန်များက တိုက်ခိုက်ခဲ့ရာ တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး တာလီဘန်စစ်သွေးကြွ ၁၈ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပါဝင်ဆင်နွှဲ

ယင်းတိုက်ပွဲတွင် အကြမ်းဖက်တိုက်ခိုက်ရေးသမား အများအပြားပါဝင်ဆင်နွှဲခဲ့ကြကြောင်း၊ ၎င်းတိုက်ခိုက်မှုမှာ ယခုသီတင်းပတ်အတွင်း ဒုတိယ အကြိမ်မြောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အရပ်သားများအား အကြမ်းဖက်တိုက်ခိုက်မှု အာဖဂန်တွင် ခြောက်နှစ်အတွင်း အမြင့်မားဆုံးဖြစ်

အမြင့်ဆုံး

ရဲတပ်ဖွဲ့ဝင်ခြောက်ဦးထက်မနည်း ယင်းတိုက်ပွဲအတွင်း ကျဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အာဖဂန်နစ္စတန်တပ်ဖွဲ့များ၊ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များနှင့် အကူအညီပေးသည့် အရပ်သားများအား အကြမ်းဖက်တိုက်ခိုက်မှုသည် ခြောက်နှစ်အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း ကုလသမဂ္ဂအထူးသံတမန် ကိုင်အိုက်ဒီက ပြောကြားသည်။

ပစ်မှတ်ထား

အာဖဂန်နစ္စတန်နိုင်ငံအား ၂၀၀၁ခုနှစ်က အမေရိကန်တို့ ဦးဆောင်ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် တိုက်ခိုက်ရေးသမားများက အဓိကမြို့ကြီးများကို ပစ်မှတ်ထားတိုက်ခိုက်လာကြောင်း ကုလသမဂ္ဂအရာရှိက ပြောကြားသည်။ **(အင်တာနက်)**

နေတိုးတပ်များ၏ လေကြောင်းမှ တိုက်ခိုက်မှု အာဖဂန်အရပ်သား အနည်းဆုံး ၁၈ဦးသေဆုံး

ကဘူးလ် အောက်တိုဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲမန်ပြည်နယ်အတွင်း နေတိုးတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်သဖြင့် အနည်းဆုံး အရပ်သား ၁၈ဦးသေဆုံးသည် ဟု သတင်းရရှိသည်။

ပြည်နယ်မြို့တော် လက်ရှကာဂါတွင် အမျိုးသမီးသုံးဦးတို့၏ အလောင်းများနှင့် အသက်ခြောက်နှစ်နှင့် ၁၅ နှစ်အကြားရှိ ကလေးများ၏ ကျန်အလောင်းများကို တွေ့ရသည် ဆို၏။

နောက်ထပ် အလောင်းကိုးလောင်းမှာ ပျက်စီးပြိုကျသွားသည့် အဆောက်အအုံများအောက်တွင် ပိတ်မိနေသည်။ အဖြစ်အပျက်ကို စုံစမ်းနေကြောင်း နေတိုးဦးဆောင်သည့်တပ်က ကြေညာသည်။ (အင်တာနက်)

အာဖဂန်၌ အကြမ်းဖက်မှုတိုးလာ ၂၀၀၈ ခုနှစ် သွေးမြေအကျဆုံးနှစ်ဟုဆို

ကဘူးလ် အောက်တိုဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် နေတိုးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်အနီး လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲသဖြင့် အောက်တိုဘာ၁၄ရက်က အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း ထုတ်ပြန်ကြေညာသည်။

အကြမ်းဖက်တိုက်ခိုက်

စစ်သွေးကြွများနှင့် တိုက်ခိုက်နေရသည့် မတည်ငြိမ်သော အာဖဂန်အရှေ့ပိုင်းပြည်နယ်များတွင် နိုင်ငံစုံတပ်ဖွဲ့ဝင်များအား ဖြန့်ကြက်ရာ၌ အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်။

သွေးမြေအကျဆုံးနှစ်

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ခုနှစ်က တာလီဘန်အစိုးရ ပြုတ်ကျသွားပြီးနောက် ၂၀၀၈ ခုနှစ်သည် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ သွေးမြေအကျဆုံးနှစ်ဖြစ်ကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူရာဟင်ဝါဒါက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်အယ်လ်ခိုင်ဒါ ဒုတိယခေါင်းဆောင် မိုဆူးလ်တိုက်ပွဲတွင် သေဆုံးသွားပြီဟုဆို

မိုဆူးလ် အောက်တိုဘာ ၁၇

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အတွင်း စစ်ဆင်ရေးတွင် အီရတ်မှ ဒုတိယအယ်လ်ခိုင်ဒါ ခေါင်းဆောင် အဘူဆာရာ(ခ) အဘူကက်ဝါရာ သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ကြေညာ

မိုဆူးလ်မြို့အတွင်း အောက်တိုဘာ ၅ရက်က ဝင်ရောက်စီးနင်းစဉ် အဘူဆာရာ သေဆုံးသွားခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်၌ ပါရှိသည်။

ထိပ်တန်းတပ်မှူး

အဘူဆာရာမှာ ၂၀၀၇ ခုနှစ် ဇွန်လတွင် အီရတ်မြောက်ပိုင်း၌ ထိပ်တန်းတပ်မှူး ဖြစ်လာသည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်ရှိအယ်လ်ခိုင်ဒါခေါင်းဆောင်မှာ အဘူအရွတ်အယ်မာဆရီ(ခ) အဘူဟမ်ဇာအယ်မူဟာဂျာ ဖြစ်သည် ဟုဆိုသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက် တပ်ဖွဲ့ဝင်လေးဦး သေဆုံး

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆွပ်လွင်ပြင်ရှိ ရဲတပ်ဖွဲ့ပိုင်ခြံဝင်းအတွင်းသို့ အသေခံ ကားဗုံးခွဲမှုကြောင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁၆ရက်က ကြေညာသည်။

စိုးရိမ်ရ

ထိုသို့ အသေခံကား ဗုံးခွဲတိုက်ခိုက်ခြင်းမပြုမီ စစ်သွေးကြွများက ဆွပ်လွင်ပြင် မင်ဂိုရာမြို့ရှိ အဆိုပါ ခြံဝင်းအတွင်းသို့ နံနက်ပိုင်းက သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြကြောင်း ရဲတပ်ဖွဲ့ကကြေညာသည်။ လူ ၃၀ကျော် ဒဏ်ရာရသွားပြီး အချို့မှာ စိုးရိမ်ရကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်ကို အောက်တိုဘာ ၁၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၅၄၁ဦး ရှိပြီ

ဝါရှင်တန် အောက်တိုဘာ ၁၇

အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ခုနှစ်ကုန်ပိုင်းတွင် ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၅ရက်အထိ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၄၁ဦးရှိသွားပြီ ဖြစ်ကြောင်း ကာကွယ်ရေးဌာန ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဖော်ပြ

သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၄၁ဦးအနက် တပ်ဖွဲ့ဝင်၃၈၉ဦးမှာ တိုက်ပွဲတွင် ကျဆုံးသွားရခြင်းဖြစ်သည်ဟုလည်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

အာဖဂန်နစ္စတန်ဒေသ အပြင်ဘက်တွင်လည်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၆ဦးရှိကြောင်း သိရသည်။ (အင်တာနက်)

ပါကစ္စတန်စီးပွားရေး တရုတ်အကူအညီပေးမည် ဝန်ကြီးချုပ်ဝမ်ကြားပေါင် ပြောကြား

ပေကျင်း အောက်တိုဘာ ၁၇

တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်အကောင်အထည်ဖော်ရန် အသင့်ရှိကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပေကျင်း၌ ကြာသပတေးနေ့က ပြောကြားသည်။

အကျိုးစီးပွားချင်းတူညီ

ဧည့်သည်တော် ပါကစ္စတန်သမ္မတ အလီဇာဒါရီနှင့် တွေ့ဆုံစဉ် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ပြီး တရုတ်နှင့် ပါကစ္စတန် နိုင်ငံတို့သည် အကျိုးစီးပွားချင်း တူညီကြောင်း ထည့်သွင်းပြောကြားသည်။

အကူအညီပေးရန်

ပါကစ္စတန်နိုင်ငံ စီးပွားရေးပြဿနာများ ကျော်လွှားနိုင်စေရန် တရုတ်နိုင်ငံက အကူအညီပေးရန်လည်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အာမခံပြောကြားသည်။ သို့ရာတွင် တရုတ်နိုင်ငံက မည်ကဲ့သို့သော အကူအညီပေးမည်ကိုမူ အတိအကျ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ဆန္ဒရှိ

သမ္မတဇာဒါရီကလည်း တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ဖော်ဆောင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် ကားပြပွဲတွင် တိုယိုတာကားကုမ္ပဏီမှ အသစ်ဆန်းသစ်ထုတ်လုပ်လိုက်သော အိုင်ကျူ အမည်ရှိ ဆီစားသက်သာသည့် ကားတစ်စီးကို အောက်တိုဘာ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သမ္မတလောင်းဂျွန်မက်ကိန်းနှင့် အိုဘားမားတို့ တတိယအကြိမ် အပြီးသတ်စကားစစ်ထိုး

ဟင်းမစတက် အောက်တိုဘာ ၁၇

နိုဝင်ဘာလဆန်း အမေရိကန်သမ္မတရွေးကောက်ပွဲ မကျင်းပမီ သမ္မတလောင်းနှစ်ဦး မိနစ် ၉၀ကြာ တတိယအကြိမ် စကားစစ်ထိုးပွဲကို နယူးယောက်မြို့ လောင်းအိုင်လင်ရှိ ဟော့ဖ်စထရာတက္ကသိုလ်၌ အောက်တိုဘာ ၁၅ရက်ညက ပြုလုပ်သည်။

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားနှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းတို့သည် ၎င်းတို့၏ စီးပွားရေးအစီအစဉ်များနှင့်တကွ အခြားသော ရေးရာကိစ္စများတွင်ပါ သဘောထားကွဲလွဲကြသည်။

စွပ်စွဲ

စကားစစ်ထိုးပွဲတွင် အိုဘားမားသည် မုသာဝါဒများ သုံးသည့်အပြင် ပြည်တွင်း အကြမ်းဖက်သမားမစ္စတာအေယာနှင့်ဆက်သွယ်သည်ဟု ဂျွန်မက်ကိန်းက စွပ်စွဲသည်။ ထို့ပြင် အိုဘားမားသည် အခွန်အတုတ်များတိုးကောက်ရေး လိုလားသည်ဟုလည်း ဂျွန်မက်ကိန်းက စွပ်စွဲသည်။

ကလေးဘဝက

မစ္စတာအေယာနှင့် ဆက်ဆံသည်ဆိုခြင်းကို အိုဘားမားက ပယ်ချလိုက်ပြီး ကလေးဘဝက ဆက်ဆံခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အိုဘားမားက ဂျွန်မက်ကိန်းသည် သမ္မတဘုရှ်နှင့် သဘောထားအယူအဆ တူညီသယောင် စွပ်စွဲပြောကြားသည်။

ကာကွယ်ပြောကြား

စွမ်းအင်ဆိုင်ရာမူဝါဒ၊ ကျန်းမာရေးထိန်းသိမ်းရေးကိစ္စတို့တွင်လည်း ဂျွန်မက်ကိန်းနှင့် အိုဘားမားတို့ အငြင်းပွားကြသည်။ ထို့ပြင် ဒုတိယသမ္မတလောင်းများ ရွေးချယ်မှုနှင့်စပ်လျဉ်း၍ ကာကွယ်ပြောကြားကြသည်။

ပိုမိုအကြိုက်များ

သမ္မတလောင်းနှစ်ဦးအပေါ် ထောက်ခံမှုမှာ လောလောဆယ် ပြည်သူ့သဘောထား ကောက်ယူမှုစစ်တမ်းများအရ အိုဘားမားကို ဂျွန်မက်ကိန်းထက် ပိုမိုလူကြိုက်များ လျက်ရှိကြောင်း တွေ့ရသည်။ (အင်တာနက်)

တောင်ကိုရီးယားနှင့် ထိုင်းပင်လယ်ကူးသင်္ဘောများ ဆိုမာလီပင်လယ်ဓားပြများက ပြန်လွှတ်ပေး

နိုင်ရိုဘီ အောက်တိုဘာ ၁၇

လွန်ခဲ့သော တစ်လကျော်က ပြန်ပေးဆွဲခံခဲ့ရသည့် တောင်ကိုရီးယားနှင့် ထိုင်းသင်္ဘောများကို ဆိုမာလီပင်လယ်ဓားပြများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရေကြောင်းတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၇ရက်တွင် အတည်ပြုပြောကြားသည်။

ပြန်ပေးအဆွဲခံရ

ဥရောပမှ အာရှသို့ ထွက်ခွာလာသော တောင်ကိုရီးယားသင်္ဘောသည် စက်တင်ဘာ ၁၀ရက်က ဆိုမာလီယာနိုင်ငံ အဒန်ပင်လယ်ကွေ့၌ ပြန်ပေးအဆွဲခံရခြင်းဖြစ်သည်။ ဘရိုက် ရူဘီဟု အမည်ပေးထားသော ယင်းပင်လယ်ကူးသင်္ဘောကို အောက်တိုဘာ၁၆ရက်က ပြန်လည်လွှတ်ပေးခဲ့သည်ဟု ဆိုသည်။

ပြန်လွှတ်ပေး

အလားတူ ဩဂုတ်လဆန်းပိုင်းက သည်စတားအော့ဖ်တိုင်းအမည်ရှိ ပင်လယ်ကူးသင်္ဘောကို သင်္ဘောသား ၂၈ ဦးနှင့်အတူ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

မက္ကဆီကိုနှင့် ဂွာတီမာလာနယ်စပ်အနီး အင်အားပြင်းငလျင်လှုပ်ခဲ့

တာပါချူလာ(မက္ကဆီကို) အောက်တိုဘာ ၁၇

မက္ကဆီကိုနှင့် ဂွာတီမာလာနယ်စပ်အနီး ပစိဖိတ်သမုဒ္ဒရာ၌ အောက်တိုဘာ ၁၆ရက်က ရစ်ချ်တာစကေး ၆ဒသမ၅ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း၊ သို့သော် ဆူနာမီဖြစ်ပေါ်မည့် အနေအထားမတွေ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပျက်စီးမှုမတွေ့ရ

အဆိုပါငလျင်သည် မက္ကဆီကိုနိုင်ငံ တာပါချူလာမြို့ အနောက်တောင်ဘက် ၂၅မိုင်ခန့်အကွာ ရေအောက် ၄၇မိုင်အနက်တွင် ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းငလျင်ကြောင့် ထိခိုက်သေကျေပျက်စီးမှုမသိရကြောင်း ငလျင်သဘာဝဘေး အန္တရာယ်ထိန်းသိမ်းကာကွယ်ရေးတာဝန်ရှိသူ ဟားဘတ်ရှိုးဒါးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မက္ကဆီကိုစီးတီး၌ ငလျင်လှုပ်ပြီးနောက် စေတနာ့ဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီပေးရန် စောင့်ဆိုင်းနေကြစဉ်။

(အင်တာနက်ဓာတ်ပုံ)

အယ်လ်ဂျီးရီးယားတောင်ပိုင်း၌ရေကြီး အနည်းဆုံးလူရှစ်ဦးသေဆုံး

အယ်လ်ဂျီးယာ့စ် အောက်တိုဘာ ၁၇

အယ်လ်ဂျီးရီးယားနိုင်ငံတောင်ပိုင်း သဲကန္တာရဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးမှုဖြစ်ပေါ်ကာ အနည်းဆုံး လူရှစ်ဦး သေဆုံးသွားကြောင်း နိုင်ငံပိုင်သတင်း အေဂျင်စီက ကြေညာသည်။ **(အပေါ်ပုံ)**

ရေနစ်သေဆုံး

သေဆုံးသူများသည် မြို့တော်အယ်လ်ဂျီးယာ့စ်တောင်ဘက် မိုင် ၆၂၀ခန့်အကွာ ဘီချာမြို့ဝန်းကျင်မှဖြစ်ပြီး ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းအေဂျင်စီက အောက်တိုဘာ ၁၇ရက်၌ ကြေညာသည်။

ကြေညာ

ယင်းသတင်း မထွက်ပေါ်မီ အယ်လ်ဂျီးရီးယား ပြည်ထဲရေးဝန်ကြီးဌာနက ယခုလအတွင်းရေကြီးခဲ့မှုကြောင့် လူ ၆၅ဦး ရေနစ်သေဆုံးခဲ့ရကြောင်း ကြေညာသည်။

ယင်းရေကြီးမှုကြောင့် ထောင်ပေါင်းများစွာသော နေအိမ်များ ပျက်စီးခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ သဲမုန်တိုင်း တိုက်ခတ် လေကြောင်းခရီးစဉ်များ ရက်ရွှေ့ဆိုင်းထားရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၁၆ရက်က ပြင်းထန်သော သဲမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ လူဒါဇင်ပေါင်းများစွာတို့ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ ဖြစ်ပွားခဲ့သဖြင့် ဆေးရုံတင်ပို့ခဲ့ရကြောင်း တာဝန်ရှိသူများက ပြော ကြားသည်။

ရက်ရွှေ့ဆိုင်း

အဆိုပါ သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် နိုင်ငံတကာလေကြောင်းပျံသန်းမှု ခရီးစဉ်များ ရက်ရွှေ့ဆိုင်းထားရကြောင်း၊ ဘဂ္ဂဒက်မြို့တစ်မြို့လုံး သဲမှုန်များ ဖုံးလွှမ်းသွားကြောင်း သိရသည်။

နာမကျန်းဖြစ်

ဘဂ္ဂဒက်မြို့ပေါ်၌ သဲမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် အရေးပေါ်ကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ထားကြောင်း၊ အထူးသဖြင့် သက်ကြီးရွယ်အိုများမှာ နာမကျန်း ဖြစ်ခဲ့ရကြောင်း ဆရာဝန်များက ပြောကြားသည်။ (အင်တာနက်)

အမေရိကန်မီချီဂန်ပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွား ကျောင်းသားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာပြင်းထန်

ဝါရှင်တန် အောက်တိုဘာ ၁၇

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒီထရောက်မြို့ရှိ မူလတန်းကျောင်းတစ်ကျောင်း၌ အောက်တိုဘာ ၁၆ရက်က ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ကျောင်းသားတစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပစ်ခတ်ထွက်ပြေး

အဆိုပါ ကျောင်းသားများသည် ဟင်နရီဖို့ဒ် အထက်တန်းကျောင်းမှ ဖြစ်ကြပြီး ဒီထရောက် မူလတန်းကျောင်းအနီး ထိုင်နေစဉ်အတွင်း အမည်မသိ သေနတ်သမားတစ်ဦး ကားထဲမှ ထွက်ပေါ်လာပြီး ပစ်ခတ်ထွက်ပြေးသွားခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

စိုးရိမ်နေရဆဲ

သေဆုံးသူ ကျောင်းသားမှာ အသက် ၁၆နှစ်ခန့်ရှိပြီး အခြားသုံးဦးမှာ ဒဏ်ရာပြင်းထန်၍ စိုးရိမ်နေရဆဲ ဖြစ်ကြောင်း ဆေးရုံသတင်းရပ်ကွက်မှတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ယှဉ်ပြိုင်

အိုးစည်အတီး

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးကျော်ဝင်းအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ယနေ့ဆက်လက် ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲအသီးသီးသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ သက်ကြီး သဘင်၊ ဂီတပညာရှင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာများကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပြိုင်ပွဲ

(၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်ပထမတန်းခေတ်ဟောင်း၊ကာလပေါ် အမျိုးသား အဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ(၁၅)နှစ်အထိ ခေတ်ဟောင်း၊ကာလပေါ် အမျိုးသမီး အဆိုပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) တေးသံရှင် ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ ခေတ်ဟောင်း၊ ကာလပေါ် အဆိုအကဲဖြတ် ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် ဝါသနာရှင်ပထမတန်း ခေတ်ဟောင်း၊ ကာလပေါ် အမျိုးသား အဆိုပြိုင်ပွဲ၌ **'ပတ္တမြားပလ္လင်'** သီချင်းဖြင့် ကရင်ပြည်နယ်မှ ဦးအောင်အောင်၊ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ ရန်ကုန်တိုင်းမှ ဦးကံနှင့် ဦးဇော်မင်းထွန်း၊ မန္တလေးတိုင်းမှ ဦးသက်နိုင်၊ ရှမ်းပြည်နယ်မှ ဦးစိုင်းမင်းညို၊ မကွေးတိုင်းမှဦးမောင်မောင်သိန်း၊ မန္တလေးတိုင်းမှ ဦးဇော်ဝင်းမောင်၊ တနင်္သာရီတိုင်းမှ ဦးဝင်းနိုင်(ခ)နွယ်လေး၊ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုးနှင့် ပဲခူးတိုင်းမှ ဦးမင်းဟန်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ ခေတ်ဟောင်း၊ ကာလပေါ် အမျိုးသမီးအဆိုပြိုင်ပွဲ၌ **'ချစ်စရာ့ပန်း'** သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မတင်သန္တာအေး၊ မွန်ပြည်နယ်မှ မခိုင်ဇာဝင်း၊ စစ်ကိုင်းတိုင်းမှ မယဉ်မျိုးအေး၊ မန္တလေးတိုင်းမှ မခင်စပယ်၊ မကွေးတိုင်းမှ မဇီဇဝါမိုး၊ ပဲခူးတိုင်းမှ မဖူးဟန်နီခင်၊ မန္တလေးတိုင်းမှ မနွေးနွေး၊ ရှမ်းပြည်နယ်မှ မစန်းနီလာညိမ်း၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ဧရာဝတီတိုင်းမှ မစုစုထက်အောင်၊ ရန်ကုန်တိုင်းမှ မစုယဉ်ထွန်းနှင့် မသူဇာလှိုင်၊ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ တနင်္သာရီတိုင်းမှ မအေးမြတ်မွန်နှင့် ကယားပြည်နယ်မှ မမြနန္ဒာအောင်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ခေတ်အကြိုက်တေး

အဆိုပြိုင်ပွဲ၏ ခေတ်အကြိုက်တေး ဝါသနာရှင်(ဒုတိယတန်း)အမျိုးသား အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရွာတော် အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ ခေတ်အကြိုက်တေး အဆိုအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ တေးရေးမောင်သစ်မင်း၊ အတွင်းရေးမှူး ဦးဇော်ငွေနှင့် အကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ် အကဲဖြတ် အမှတ်ပေးကြပြီး ပြိုင်ပွဲတွင် **'ချစ်ခြင်းတရားနှင့် ပြည်ထောင်စု'** သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်လင်းထိန်၊ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုး၊ ကရင်ပြည်နယ်မှ မောင်ဝေဠုအောင်၊ မကွေးတိုင်းမှ မောင်မျိုးမြင့်ကို၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းသူ၊ ကယားပြည်နယ်မှ ဦးသန်းဌေးအောင်၊ ကချင်ပြည်နယ်မှ ဦးမိုးကျော်နိုင်၊ မန္တလေးတိုင်းမှ မောင်ဘိုဘိုလင်း၊ ရခိုင်ပြည်နယ်မှ မောင်စိုးလှိုု(ခ)သန်းထိုက်အောင်၊ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်နှင့် မောင်ဝင်းထွဋ်၊ ရှမ်းပြည်နယ်မှ မောင်ဗိုလ်ဗိုလ်ကျော်နှင့် ဧရာဝတီတိုင်းမှ မောင်ရဲထိုက်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ခေတ်အကြိုက်တေးအဆင့်မြင့်ပညာအဆင့် အမျိုးသမီးအဆိုပြိုင်ပွဲကို ကျင်းပရာ **'ပန်းတိုင်းပွင့်ပြီ'** တေးသီချင်းဖြင့် ကယားပြည်နယ်မှ မဧပရယ်စု၊ ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်၊ မန္တလေးတိုင်းမှ မယမုံဦး၊ ကချင်ပြည်နယ်မှ မဆုမွန်ဦး၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ စစ်ကိုင်းတိုင်းမှ မစုခက်တင်အောင်၊ မွန်ပြည်နယ်မှ မတင်ဖြိုးဝေ၊ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း၊ ချင်းပြည်နယ်မှ မဇင်မာဖြိုးပြည့်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ မန္တလေးတိုင်းမှ မရတနာဦး၊ တနင်္သာရီတိုင်းမှ မအိအိဖြိုး၊ မကွေးတိုင်းမှ မညွှန့်ညွှန့်လွင်၊ ရှမ်းပြည်နယ်မှ မအေးမြသူနှင့် ရခိုင်ပြည်နယ်မှ မစောနှင်းနွယ်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားအကပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်လျက် အကဲဖြတ်ဒိုင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားအကပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်သန်းစိုး၊ ချင်းပြည်နယ်မှ မောင်တလွန်ထာဘွေ၊ ရခိုင်ပြည်နယ်မှ မောင်ညီညီဇော်၊ ပဲခူးတိုင်းမှ မောင်ထိန်လင်း(ခ)နေလင်းဖြိုး၊ ကရင်ပြည်နယ်မှ မောင်စောသမော့ရှူး၊ ဧရာဝတီတိုင်းမှ မောင်စွမ်းရည်ထက်၊ ကချင်ပြည်နယ်မှ မောင်ဂျော်ဆန်အောင်နှင့် မောင်ဇက်ဇော်ခွန်ဖ၊ ရှမ်းပြည်နယ်မှ မောင်ဇော်ဝင်းပြည့်၊ ကယားပြည်နယ်မှ မောင်ကောင်းမြတ်သူ၊ ကရင်ပြည်နယ်မှ စောဆန်းကိုကို၊ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ ရန်ကုန်တိုင်းမှ မောင်သော်ဇင်ထွန်း၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဟိန်း၊ မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ)ဖြိုးဖြိုး၊ ရှမ်းပြည်နယ်မှ မောင်ပိုင်ထက်ဝေ၊ ပဲခူးတိုင်းမှ မောင်သော်ဇင်မျိုး၊မန္တလေးတိုင်းမှ မောင်ဇော်နိုင်ထွန်းနှင့် စစ်ကိုင်းတိုင်းမှ မောင်စိုးထက်ပိုင်တို့ဝင်ရောက်ကပြ ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိသစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးနီနီ ခေါင်းဆောင်သော အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြပြီး ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ မန္တလေးတိုင်းမှ မောင်ညီညီဖြိုးဝေ၊ ပဲခူးတိုင်းမှ မောင်ဝေယံလင်း၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်သူ၊ စစ်ကိုင်းတိုင်းမှ မောင်ပါပါအောင်နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ကိုကိုလှတို့က **'ညဥ့်သုံးယံခါ'** ပတ်ပျိုးသီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ်အထိ အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှမသိမ့်မျက်သွယ်နှင့် မန္တလေးတိုင်းမှ မငြိမ်းအေးသူတို့က 'ညဥ့်သုံးယံခါ' ပတ်ပျိုးသီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅) နှစ်အထိ အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်မှ မဂျေခေါင်ဆိုင်းမိုင်၊ ဧရာဝတီတိုင်းမှ မသီရိပိုပိုကြည်၊ ပဲခူးတိုင်းမှ မစုနန္ဒာထွန်း၊ ရန်ကုန်တိုင်းမှ မဆုပြည့်စုံမြင့်၊ မန္တလေးတိုင်းမှ မရတနာဥနှင့် မန္တလေးတိုင်းမှ မဝင့်ဝါဦးတို့က 'ချစ်စရာ့ပန်း' ကာလပေါ်သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ပတ္တလား အတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီးပတ္တလား အတီးပြိုင်ပွဲနှင့်အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်အထိအမျိုးသား ပတ္တလားအတီးပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပတ္တလားအတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမြစတင်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ **'မြရည်နန္ဒာ(ဘွဲ့)'** ဖြင့် မန္တလေးတိုင်းမှ မခင်ဗိုဗိုဟန်၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ မန္တလေးတိုင်းမှ မအိန္ဒြာထွန်း၊ မွန်ပြည်နယ်မှ မပန်းအိစံနှင့် ရန်ကုန်တိုင်းမှ မပပပြည့်ဖြိုးတို့က ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ 'သာယာ(ကြိုး)' သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်စိုးညီညီ၊ ရန်ကုန်တိုင်းမှ မောင်ဆန်းဆင့်မောင်မောင်၊ ကချင်ပြည်နယ်မှ မောင်အောင်မျိုးထွေး၊ ရန်ကုန်တိုင်းမှ မောင်ခန့်စည်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ပြည့်စုံ၊ ပဲခူးတိုင်းမှ မောင်အောင်မင်းစိုး၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးဇော်ဇော်၊ မွန်ပြည်နယ်မှ မောင်ထင်လင်းထွေး၊ မန္တလေးတိုင်းမှ မောင်ရဲသူနှင့် မကွေးတိုင်းမှ မောင်ကျော်ထွန်းအောင်တို့က ပြိုင်ပွဲဝင်ကြသည်။

အိုးစည်အတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်(ဒုတိယတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော် ခေါင်းဆောင်သော အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး မကွေးတိုင်းမှ ဦးသဲမောင်အဖွဲ့၊ ပဲခူးတိုင်းမှ မောင်အောင်မျိုးမင်း(ခ)အောင်ဂူဝံ အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုကိုဖြူ အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်ပန်းလေး အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဝင်း အဖွဲ့၊ ရန်ကုန်တိုင်းမှ မြန်မာပြည်မြင့်ဝင်းအဖွဲ့၊ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင် အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်း အဖွဲ့နှင့် မွန်ပြည်နယ်မှ ချစ်ဖြိုးလှိုုအဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသားအိုးစည် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ညွှန့်အောင်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်မင်းသန်းအဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်သုဝေနိုင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးကိုကို အဖွဲ့နှင့် မောင်ကောင်းမြတ်ကျော် အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာ၌ နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသားဆိုင်းတစ်ဦး ချင်းပြိုင်ပွဲတွင် **'မဲဇာတောင်ခြေ'** ပတ်ပျိုးသီချင်းဖြင့် မန္တလေးတိုင်းမှ မောင်မျိုးဇော်ထွန်း၊ မကွေးတိုင်းမှ မောင်ဉာဏ်လင်းအောင်၊ မန္တလေးတိုင်းမှ မောင်ဘိုဘိုကျော်၊ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလှိုုနှင့် ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)'** သီချင်းဖြင့် မကွေးတိုင်းမှမောင်ကျော်ထွန်းအောင်၊ မန္တလေးတိုင်းမှ မောင်လှမျိုးကို၊ စစ်ကိုင်းတိုင်းမှ မောင်စည်သူထွန်း(ခ)စည်သူမောင်တင်၊ ပဲခူးတိုင်းမှ မောင်ဝင်းကိုကိုဇင်၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းမေတ္တာ၊ မန္တလေးတိုင်းမှ မောင်မင်းသိမ်၊ မွန်ပြည်နယ်မှ မောင်ဟိန်းခန့်စိုး၊ ရန်ကုန်တိုင်းမှ မောင်ဆန်းဆင့်မောင်မောင်နှင့် ဧရာဝတီတိုင်းမှ မောင်စိုးညီညီတို့ ပြိုင်ပွဲဝင်ကြသည်။

အကဲဖြတ်

အဆိုပါပြိုင်ပွဲတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏အတီးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်ပြီး ဆိုင်းအတီး အကဲဖြတ် ခေါင်းဆောင် ဦးစိန်စတင်နှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောက်တိုဘာ ၁၈ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၃	၁၈-၁၀-၂၀၀၈ (စနေနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ပြဇာတ် ပြဇာတ်	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး) လူငယ်အားမာန်မိုးယံဆီသို့ (မကွေးတိုင်း) လူငယ်အားမာန်မိုးယံဆီသို့ (ရန်ကုန်တိုင်း)	၀၉၀၀ ၁၃၀၀ ၁၈၃၀ ၂၁၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ဂီတာ) အတီး(ဂီတာ) အတီး(ဂီတာ)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(နှဲ) အတီး(နှဲ) အတီး(နှဲ)	ဝါသနာရှင်(ဒုတိယတန်း) အဆင့်မြင့်ပညာ ဝါသနာရှင်(ပထမတန်း)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား)	၀၉၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အဆို(ခေတ်အကြိုက်) အဆို(ခေတ်အကြိုက်) ရုပ်စုံသဘင်အဖွဲ့လိုက်	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) မဟာဗန္ဓုလ်ဝင်တောထွက်ခန်း(ဧရာဝတီတိုင်း)	၀၉၀၀ ၁၃၀၀ ၁၉၀၀

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်းရာ အနုပညာပြိုင်ပွဲ

စန္ဒရား အတီးပြိုင်

အသက် ၁၀နှစ်မှ ၁၅ နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး စန္ဒရားတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဂျေခေါင်ဆိုင်းမိုင်တီးခတ်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

အဆိုပြိုင်

အဆို (ခေတ်အကြိုက်တေး) အဆင့်မြင့် (အမျိုးသမီး)ပြိုင်ပွဲကို ပြည်သူများ ဤသို့စိတ်ဝင်တစားလာရောက် ကြည့်ရှုအားပေးကြသည်။

မြန်မာ့အနုပညာ

မျှားအသိပေမို့ ထားရှိခဲ့စဉ်လာ၊
မြန်မာတို့ အနုပညာ၊
ထိန်ဝေဖြာ သိန်သရေနှင့်၊
စိန် ရွှေ ကျောက် စံလျှော်
ချိန်ခါရောက်သော် ပြည်တော်က၊
စည်တော်သံ သာသာယွန်းပါလို့၊
ခွန်းဆင့်တယ်လေး။

ရွှေသဇင်ငယ်၊ လျှမ်းထည်ဂုဏ်ဝင့်၊
အကြံနော်သင့်ပါတဲ့၊ တွေးချင့်နိုင်းစံ၊
စည်တော်သံရယ်၊ လွမ်းရန်စုံလှ၊
မယ်နှမကို၊ ဂီတလှိုင်းတို့
ရစ်သိုင်းကာ ခြုံတော့သလို
ရွှေဘုံကြော့ နေပြည်တော်ကို၊
ဖြဟ္မစိုရ် ကိုယ်စီလွှမ်းကာနှင့်၊
မုဒိတာ စိတ်မှာရွှင်လန်းပါလို့၊
လှမ်းကြမယ်လေး။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

မူမူခင် (မိခင်ရတနာဦး)
ယဉ်ကျေးမှုတက္ကသိုလ်

အဆို(ခေတ်အကြိုက်တေး) အဆင့်မြင့်(အမျိုးသမီး)ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မခင်မိုးဟိန်း သီဆိုယှဉ်ပြိုင်ဟန်။

အခြေခံပညာအဆင့် ၅-၁၀နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မကွေးတိုင်းမှ မောင်ကျော်ထွန်းအောင် လက်စွမ်းပြတီးခတ်စဉ်။

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

■ **ကျောဖုံးမှ**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State H.E.Dr. Jairam Ramesh နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen နှင့် တာဝန်ရှိသူများ၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အိန္ဒိယ-မြန်မာသတင်း အချက်အလက် နည်းပညာ ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဌာန (IMCEITS) ဥပစာ၌ ကျင်းပရာ သိပ္ပံ နှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်း ရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State, H.E. Dr. Jairam Ramesh တို့က အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာ ကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယ-မြန်မာသတင်း အချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင် တန်းဌာနအတွင်းရှိ Data Centre & Server Computer Lab 1 ,Class Room 1 ,Computer Lab 2 နှင့် Library တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

ယင်းနောက်ဖွင့်ပွဲ အခမ်းအနားကို သင်တန်းဌာနရှိ Auditorium ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အိန္ဒိယအစိုးရ၏ အကူအညီဖြင့် ယနေ့ စတင် ဖွင့်လှစ်လိုက်သော မြန်မာ-အိန္ဒိယကွန်ပျူတာနည်းပညာကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းဌာနသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလကြာရှည်စွာ ရှိပြီးဖြစ်သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၏အသီးအပွင့်တစ်ခုအနေဖြင့် ပေါ်ထွက် လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင်မြန်မာနိုင်ငံအနေဖြင့်လည်း ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင်အထောက်အကူဖြစ်စေမည့်လူ့စွမ်းအားအရင်းအမြစ်များကို နေရာဒေသအနှံ့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း အရေအတွက်များစွာ မွေးထုတ် ပေးနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခု ပေါ်ထွန်းလာတော့မည်ဖြစ်၍ ဂုဏ်ယူ ဝမ်းမြောက်ရမည့် နေ့တစ်နေ့ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

လွယ်ကူစွာဖြန့်ဖြူး

ယနေ့ ရန်ကုန်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်တွင် ဖွင့်ပွဲကျင်းပသကဲ့သို့ မန္တလေးမြို့နှင့် ရတနာပုံမြို့ အပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီးရှိ စခန်းခွဲ ၁၀ ခု၌လည်း တစ်ပြိုင်တည်း ဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ဆောင်ရွက်နိုင်ပြီ ဖြစ် သည့်အတွက် နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် သတင်းအချက်အလက် နည်း ပညာနှင့် ပတ်သက်၍ အသိပညာများ လွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း။

လေ့လာအသုံးချ

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် သတင်းအချက်အလက်နှင့် ဆက်သွယ် ရေးကဏ္ဍဆိုင်ရာ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဦးတည်ရည်မှန်းပြီး နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၀၃ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့ပြီး စာချွန်လွှာပါအတိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကို တည်ဆောက် နိုင်ရေးအတွက် အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးဌာနကို ဖွင့်လှစ်နိုင်ရန် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်၌ နှစ်နိုင်ငံ သဘောတူ လက်မှတ်ရေးထိုးပြီး ယနေ့တွင် အောင်အောင်မြင်မြင် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ အကူအညီဖြင့် ဤစီမံကိန်းကို တည်ထောင်ရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ICT ကဏ္ဍ၌ ကျွမ်းကျင်သူများ ပေါ်ထွန်းလာစေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကဏ္ဍများတွင်လည်း ခေတ်မီ နည်းပညာ ရပ်များကို နေရာ ဒေသအနှံ့ အလွယ်တကူလေ့လာအသုံးချသွားနိုင်ရန်ဖြစ်ကြောင်း၊ ယင်းစီမံ ကိန်းမှာ ဗဟိုဌာနအဖြစ်ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်သာမက နယ်စခန်း၁၀ခု ကိုပါ ပထမဆင့်အနေဖြင့် တစ်ပြိုင်တည်း ပါဝင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် သတင်းအချက်အလက်နည်းပညာခေတ်(IT age) ဖြစ်သည်နှင့်အညီ ကမ္ဘာ့အဆင့်မီ နည်းပညာရပ်များကို လေ့လာသင်ကြားလိုသူ မည်သူမဆို လေ့လာသင်ကြားနိုင်ခွင့်ရရှိနိုင်အောင် ဤသင်တန်းဌာနများက ခေတ်မီဆက်သွယ်ရေးနည်းပညာများဖြင့် အထောက်အကူပေးမည် ဖြစ်ကြောင်း၊ ထို့အပြင် နည်းပညာများ လေ့ကျင့်သင်ကြားပေးနေသော ကွန်ပျူတာတက္ကသိုလ် များနှင့် နည်းပညာများကို လက်တွေ့အသုံးချနေရသည့် စက်မှုလုပ်ငန်းကဏ္ဍများ အကြား ပေါင်းကူးပေးမည့်နေရာတစ်ခုအဖြစ်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း။

စနစ်တကျသင်ယူ

မိမိတို့တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်၏ အနာဂတ်အတွက် အမျိုးသား ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီ အစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုအဖွဲ့ အစည်းများ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစဉ်ပြောင်းလဲဖြစ်ပေါ်နေသော ခေတ်စနစ်၏ တောင်းဆိုမှုများကိုရင်ဆိုင်ဖြေရှင်းရေးအတွက် အရင်းခံအကြောင်း တရားသည် ပညာရေးသာလျှင်ဖြစ်သည်ဟုခံယူပြီး ပညာရေးကဏ္ဍကို ခေတ်နှင့် အညီ ICT နည်းပညာအထောက်အကူဖြင့် စနစ်တကျ သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်တွင် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီရရှိ စေရန်နှင့် ဒေသအလိုက် ပညာတတ် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက် ပေါ်ထွန်းလာစေရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသ၂၄ခုသတ်မှတ်ပြီး ဒေသတိုင်း၌ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပြီး ဒေသအသီးသီး၌ အဆင့်မြင့်ပညာနှင့် ဘွဲ့လွန်အဆင့် ပညာသင်ကြားလိုသူတိုင်းအတွက်လက်လှမ်းတမီ လွယ်လင့်တကူပညာသင်ကြား ခွင့်များ တိုးတက်ရရှိအောင်ဆောင်ရွက်ပေးခဲ့ပြီဖြစ်ရာ ယနေ့ဆိုလျှင် ကွန်ပျူတာ တက္ကသိုလ် ၂၅ခုမှ ကွန်ပျူတာဘွဲ့ရ ကျောင်းသားကျောင်းသူဦးရေ ၆၀၀၀ခန့်ကို နှစ်စဉ် မွေးထုတ်ပေးနိုင်နေပြီဖြစ်ကြောင်း။

အခွင့်အလမ်း

အိန္ဒိယသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့်တည်ဆောက်ခဲ့သည့် ယင်း သင်တန်း ခန်းမများတွင် ကျောင်းသားဦးရေ ငါးရာခန့် တစ်နှစ်နှစ်ကြိမ်လေ့ကျင့်နိုင် မည် ဖြစ်ခြင်းကြောင့် ကွန်ပျူတာတက္ကသိုလ်များက နှစ်စဉ်မွေးထုတ်လိုက်သော ဘွဲ့ရများ၏ အရည်အသွေးကိုပိုမိုတောက်ပြောင်လာအောင် ပြုပြင်မွမ်းမံပေးနိုင်ရုံ သာမက ယင်းဗဟိုသင်တန်းခန်းမနှင့် ဒေသအသီးသီးက Community Information Centres (CIC) ၁၀ခုကိုပါ အသုံးချပြီး အဝေးရောက် ကျန်းမာရေး ကုသမှုများ (Tele-Medicine)၊ အဝေးရောက် သင်ကြားရေး နည်းစနစ်များ (e-Learnning Center)နှင့် ကျေးလက်ဒေသပါမကျန် ခေတ်မီပညာရေးစနစ် များကို လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယနေ့ သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲမှုသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အသီးသီးကို ထိရောက်စွာ လွှမ်းမိုးရိုက်ခတ်လျက်ရှိ ကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်တွေ့အသုံးချနိုင်မည့် ယခုကဲ့သို့ သင်တန်းများ အရေအတွက် များများ ပေါ်ပေါက်လာခြင်းသည် နိုင်ငံတော်အတွက် အရေးပါသည့် အခွင့် အလမ်းကောင်းတစ်ခု ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်အသီးသီးတွင် ထူးချွန် ထက်မြက်သော အရည်အချင်းရှိသည့် ပညာတတ်များဖြင့်သာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြင်ဦးလွင် မြို့အနီးတွင် အိုင်တီနည်းပညာများကို အခြေခံသော စက်မှုကုန်ထုတ် လုပ်ငန်းများ ထုတ်လုပ်မည့် စက်ရုံစုများကို ရတနာပုံမြို့သစ်တွင် တည်ထောင် လျက်ရှိရာ၊ အရည်အချင်းပြည့်မီသော အိုင်တီနည်းပညာရှင် လူငယ်မောင်/မယ် တို့အတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများလည်း ရရှိလာကြမည် ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုဦးတည်လျက်အိန္ဒိယနိုင်ငံမှ ရူပီးငွေသန်း ၁၀၀ခန့်တန်ဖိုးရှိသည့် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊နည်းပညာအပါအဝင်အဆင့်မြင့်ပညာရပ်များ ပူးပေါင်းလေ့ကျင့်သင်ကြားပေးနိုင်မည့် သင်တန်းခန်းမများ၊ စက်ပစ္စည်းများကို ထောက်ပံ့ပေးသည့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကို လည်းကောင်း၊ အထူးသဖြင့် အဆွေတော် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးH.E. Dr Ramesh ကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း၊ လူငယ် မောင်/မယ်များအနေဖြင့်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် သစ်ကြီးကို တည်ဆောက်ရာတွင် ရှေ့တန်းကနေ ဦးဆောင်တည်ဆောက်နိုင်သော လူချွန်၊ လူမွန်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်ကြရန်အတွက် ယခုကဲ့သို့ ရရှိလာ သည့်အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်း အကျိုးရှိအောင် အသုံးချ သွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ကူသန်းရောင်းဝယ်ရေးနှင့် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ Minister of State, H.E.Dr. Jairam Ramesh က အမှာ စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာသတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးဆောင်ရွက်မှုဆိုင်ရာ အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာနီလာ သိန်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ မွမ်းမံပြင်ဆင်မှုများ အခြေအနေ၊ ဖွင့်လှစ်မည့် သင်တန်းများနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Minister of State, H.E.Dr.Jairam Ramesh က သင်တန်းအတွက် ပစ္စည်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းထံပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယသမ္မတနိုင်ငံကူးသန်းရောင်းဝယ် ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State, H.E. Dr. Jairam Ramesh နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen တို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်အား အိန္ဒိယသမ္မတနိုင်ငံကူးသန်းရောင်း ဝယ်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှMinister of State, H.E.Dr. Jairam Ramesh က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကိုပေးအပ်ပြီး ဖွင့်ပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နည်းပညာ ကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာနကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ

ရန်ကုန်တိုင်းကိုယ်စားပြု 'တော်ဝင်' ရုပ်စုံသဘင်အဖွဲ့စတင်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ ရွှာတော် အမှတ်(၇) တည်းခိုရေးစခန်း၌ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု 'တော်ဝင်' ရုပ်စုံ သဘင်အဖွဲ့က 'မဟာဗုဒ္ဓဝင်တောထွက်ခန်း' ကို စတင်ယှဉ်ပြိုင်သည်။

အမှတ်ပေးအကဲဖြတ်

ရန်ကုန်တိုင်းကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင်တွင် စာရေးဆရာ ပျဉ်းမနားမြင့်လှိုင်နှင့် ဇာတ်ညွှန်းနှင့်ဒါရိုက်တာ 'တောင်စွန်းအောင်တိုး' တို့ ကြီးကြပ် ဆောင်ရွက်ကြပြီး အဖွဲ့သားများက မဟာဗုဒ္ဓဝင်တောထွက်ခန်းကို အခန်း(၁၆)ခန်းဖြင့် တင်ဆက်ယှဉ်ပြိုင်ကြရာ ရုပ်စုံသဘင်အကဲဖြတ်ပညာရှင် ဥက္ကဋ္ဌဦးရဲခွေးနှင့် အတွင်းရေးမှူး ဦးရွှေကြည်နှင့် အဖွဲ့ဝင်များက အမှတ်ပေးအကဲဖြတ်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါရုပ်စုံသဘင်ပြိုင်ပွဲသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရုပ်စုံဝါသနာရှင်ပြည်သူများက ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲတွင် 'မဟာဗုဒ္ဓဝင်တောထွက်ခန်း' ကို **ရန်ကုန်တိုင်းကိုယ်စားပြု 'တော်ဝင်' ရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၁၇

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်စနာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အင်ဂျင်နီယာပညာရှင်များ၊ ရွှေပန်းထိမ်ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး၊ ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေးနှင့် ကိုယ်လုံးတော် ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် အင်ဂျင်နီယာ ဦးဘရွှေက ရွှေတိဂုံစေတီတော်ကြံ့ခိုင်ရေးအတွက် ဂေါပကအစဉ်အဆက်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ယခုအခါ စေတီတော်ကြီး၏ ကိုယ်လုံးတော်အတွင်းပိုင်းနှင့်အပြင်ပိုင်း ကြံ့ခိုင်ရေးအတွက် အဆင့်မြင့်နည်းပညာများဖြင့် စမ်းသပ်စစ်ဆေးခဲ့သည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရွှေတိဂုံစေတီတော်ကြီး ထာဝရတည်တံ့ရေးအတွက် သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ရန် ခေတ်မီနည်းပညာရပ်များ၊ စက်ပစ္စည်းများဖြင့် ကြံ့ခိုင်မှုကို စစ်ဆေးပြီး အားနည်းချက်များတွေ့ရှိပါက အချိန်မီပြုပြင်ထိန်းသိမ်းနိုင်ရေးစီမံသွားရန်၊ ရွှေပြားသင်္ကန်းတော်များ ရေရှည်ခိုင်ခံ့မှုရှိစေရန်စနစ်တကျ စမ်းသပ်ပြီး အကောင်းဆုံး စီမံဆောင်ရွက်ရန်၊ ယခုဆောင်ရွက်မည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး၊ ရွှေထီးတော် ကြံ့ခိုင်ရေးနှင့် ကိုယ်လုံးတော် ကြံ့ခိုင်ရေးလုပ်ငန်းများတွင် ပြည်သူများပါဝင် ကုသိုလ်ယူလှူဒါန်းနိုင်ရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများ၌ ဖော်ပြထုတ်လွှင့်ပေးရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အစည်းအဝေးခန်းအတွင်း ခင်းကျင်းပြသထားသော ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကပ်လှူပူဇော်မည့် ရွှေသင်္ကန်းတော် ရွှေပါးလွှာများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြိုင်ပွဲဝင်များသွားလာမှုလွယ်ကူချောမွေ့စေရေး မော်တော်ယာဉ်များ ပြေးဆွဲပေးနေ

နေပြည်တော် အောက်တိုဘာ ၁၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ လာရောက်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ အမှတ်(၇) တည်းခိုရေးစခန်းနှင့် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းမှုကော်မတီက အားမာန်သစ်မော်တော်ယာဉ်လိုင်းနှင့် ရွှေမြို့တော်မော်တော်ယာဉ်လိုင်းတို့ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်အားမာန်မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲ တနင်္သာရီတိုင်း ကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲကို ယမန်နေ့ည ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်း ကိုယ်စားပြုပြဇာတ်အဖွဲ့က **'လူငယ်အားမာန်မိုးယံဆီသို့'** ပြဇာတ်ကို သရုပ်ဆောင် ဖိုးဇော်(ခ)ဦးခင်ဇော်သိန်း၊လွင်ကိုဦး(ခ) မောင်ဝင်းဇော်မင်း၊ ရှယ်(ခ)ဝင်းဝင်းစံ၊ ဟက်ကက်(ခ)သိန်းဇော်မင်းနှင့် ဖိုးကျော်တို့ပါဝင်သောပြဇာတ်အဖွဲ့ဝင်များက ပါဝင်သရုပ်ဆောင်ပြိုင်ပွဲဝင်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ မြန်မာ့ရိုးရာသုခုမအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲတွင် လူငယ်အားမာန်မိုးယံဆီသို့ ခေါင်းစဉ်ဖြင့် တနင်္သာရီတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ လူငယ်အားမာန်မိုးယံဆီသို့ခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်းပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲများကို ယနေ့ ၆နာရီခွဲတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဧရာဝတီပြဇာတ်အဖွဲ့က ဆက်လက်ပါဝင်ယှဉ်ပြိုင်တင်ဆက်သည်။ **(အပေါ်ပုံ)**

ယှဉ်ပြိုင်တင်ဆက်

ဧရာဝတီတိုင်းကိုယ်စားပြုပြဇာတ်အဖွဲ့၌ ခင်မောင်လွင်(ဆရာအတတ်သင်) ဇာတ်ညွှန်းရေးသားစီစဉ်ကြီးကြပ်၍ ပန်းချီစိုးမင်း(သာပေါင်း)က ဒါရိုက်တာအဖြစ်ဆောင်ရွက်ကာ ခေါင်းဆောင်မင်းသားစဆန်းကို ဦးဆောင်သောအဖွဲ့သားများက ပါဝင်သရုပ်ဆောင်ကာ လူငယ်အားမာန်မိုးယံဆီသို့ ပြဇာတ်ကို ယှဉ်ပြိုင်တင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

အနုပညာမျိုးဆက်သစ်တို့၏ သီဆို၊ကခုန်၊တီးမှုတ်ယှဉ်ပြိုင်သံများ ဖြိုးဖြိုးဖြိုးမြိုင်မြိုင် အားပေးသံများဖုံးလွှမ်းနေသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး

နေပြည်တော် အောက်တိုဘာ ၁၇

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယမြောက်နေ့ နံနက်စောစော တည်းခိုရာ နေပြည်တော်သတင်းစာတိုက်မှ ပြိုင်ပွဲများ ကျင်းပရာ နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေသို့ ထွက်ခွာလာချိန်တွင် လမ်းတစ်လျှောက်မြူနှင်းများဝေနေဆဲ။

လယ်ယာလုပ်ငန်းခွင့် ဝင်ရောက်ရန် ထွက်ခွာလာသူများ၊ တစ်နေ့တာ လုပ်ငန်းအသီးသီး၌ တာဝန်ထမ်းဆောင်ရန် ထွက်လာသူများကို ကားလမ်းတစ်လျှောက် မြင်တွေ့ရသည်။ တည်ဆောက်ရေး လုပ်ငန်းခွင်သုံး မော်တော်ယာဉ်ကြီးများကို နေရာမလပ်မြင်တွေ့ရသဖြင့် နေပြည်တော်သည် ခေတ်မီမြို့ပြ အသွင်အပြင်အဖြစ် ရုပ်လုံးပေါ်အောင် အရှိန်အဟုန်ဖြင့် ကြိုးစားနေမှုကို သတိပြုမိသည်။

ကြိုးစား ယှဉ်ပြိုင်ကြ

"ကလေးတွေ ကြိုးစား ပြိုင်သွားကြတာ တွေ့ရတော့ အံ့သြမိတယ်။ သူတို့လေးတွေ တကယ် တော်ကြပါတယ်"

ဒေါ်စိမ်းမို့မို့
(အကဲဖြတ်ဒိုင်)

ခေတ်အကြိုက်တေး

ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အဆို(ခေတ်အကြိုက်တေး) ပြိုင်ပွဲအသစ် တိုးချဲ့ထည့်သွင်းထားရာ ပရိသတ်များကလည်း စိတ်ဝင်စားနေသဖြင့် ခေတ်အကြိုက် အဆိုပြိုင်ပွဲများ ကျင်းပရာ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

ပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း ရောက်ရှိချိန်တွင် လာရောက်အားပေးသည့် ပရိသတ်များ ခန်းမအပြည့်ဖြစ်နေရာ နေရာလွတ်မရှိ ဖြစ်နေသည်။ ယနေ့ပြိုင်ပွဲများကို တာဝန်ရှိအကဲဖြတ်ဒိုင်များက စနစ်တကျ အကဲဖြတ်ပေးမည်ဖြစ်ရာ "ခေတ်အကြိုက်တေးအဆိုပြိုင်ပွဲ အကဲဖြတ်ဒိုင်ဥက္ကဋ္ဌ တေးရေးမောင်သစ်မင်းနှင့် တွေ့ဆုံမေးမြန်းရာ ခေတ်အကြိုက်တေးပြိုင်ပွဲ အစီအစဉ်ကို အခုလို နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ထည့်သွင်းကျင်းပပေးတာဟာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။ ပရိသတ်တွေလည်းလက်ခံ၊ တိုင်းပြည်ကိုလည်း အကျိုးပြုတဲ့ ခေတ်အကြိုက် တေးသီချင်းတွေကို နိုင်ငံတော်က အခုပြိုင်ပွဲမှာ ထည့်သွင်းကျင်းပပေးတာဟာ လူငယ်တွေအနေနဲ့ ဒီပြိုင်ပွဲကြီးအပေါ် ပိုပြီးစိတ်ဝင်စားမှုရှိလာတဲ့အပြင် ပါဝင်ယှဉ်ပြိုင်လိုစိတ်တွေလည်း ပိုပြီးဖြစ်ပေါ်စေပါတယ်။ ခေတ်အကြိုက် တေးသီချင်းကို သီဆိုတဲ့သူနဲ့ ရေးဖွဲ့တဲ့သူတွေအတွက်လည်း ဂုဏ်ယူစရာကောင်းပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်"ဟု ဖြေကြားသွားသည်။

ဆိုင်းဆရာကြီး လုပ်မှာ

"ဆိုင်းဝိုင်းတစ်ဦးချင်း အနေနဲ့ ပထမဆုံးအကြိမ် ယှဉ်ပြိုင်တာပါ၊ သားက ကြီးလာရင် ဆိုင်းဆရာကြီး လုပ်မှာပါ"

မောင်လှမျိုးကို
(မန္တလေးတိုင်း)

"သားက ကြီးလာရင် ဇာတ်မင်းသားကြီး ဖြစ်ချင်လို့ပါ၊ ဟောဒီလို ယှဉ်ပြိုင်ကပြခဲ့ပါတယ်"

ပိုင်ထက်ဝေ (ရှမ်းပြည်နယ်)

ဆွေးနွေးတိုင်ပင်

ခေတ်အကြိုက်တေးဆို ပြိုင်ပွဲကို ကျင်းပရာပြိုင်ပွဲဝင်များ တစ်ဦးပြီးတစ်ဦး ကြိုးစားယှဉ်ပြိုင်သွားကြသည်ကို အကဲဖြတ်ဒိုင်များက စနစ်တကျ အမှတ်ပေးကြသည်ကို တွေ့ရသည်။ အကဲဖြတ်ဒိုင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်စိမ်းမို့မို့အား အကဲဖြတ်ပေးမှုနှင့်

သီဆို ယှဉ်ပြိုင်

"အခြေခံပညာအဆင့် (အမျိုးသမီး) ခေတ်ဟောင်း/ ကာလပေါ်ပြိုင်ပွဲမှာ သီဆိုယှဉ်ပြိုင်တာပါ"

မမြနန္ဒာအောင်
(ကယားပြည်နယ်)

ပတ်သက်ပြီး မေးမြန်းရာ "ကလေးတွေ ကြိုးစားပြိုင်သွားကြတာ တွေ့ရတော့ အံ့သြမိတယ်။ သူတို့လေးတွေက တကယ်တော်ကြပါတယ်။ ပါရမီလည်း ရှိကြပါတယ်။ အကဲဖြတ်ဒိုင်အဖြစ် ဒီနှစ်မှာ ပထမဆုံးအကြိမ် တာဝန်ယူဆောင်ရွက်တာ ဖြစ်သလို နောင်နှစ်တွေမှာလည်း တာဝန်ပေးရင် ပါဝင်ကူညီပေးသွားမှာပါ။ အခုလို ကဏ္ဍအသစ်ဖွင့်ပေးလိုက်တာဟာ အနုပညာလမ်းကြောင်းပေါ်မှာ မျိုးဆက်သစ်တွေ အရှိန်အဟုန်နဲ့ တိုးပွားလာစေမယ့် အချက်ပါပဲ။ အနုပညာရေစီးကြောင်းတစ်ခုအတွင်းမှာ တစ်ခရီးတည်းသွားကြရတဲ့သူတွေမို့ အကြံဉာဏ်နဲ့ အတွေ့အကြုံတွေဖလှယ်ရင်း တစ်နှစ်ထက်တစ်နှစ်ကောင်းသထက်ကောင်းအောင် ဆွေးနွေးတိုင်ပင်ကြရင်း ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ထို့နောက် ခေတ်အကြိုက်တေးကို သီဆိုယှဉ်ပြိုင်ပြီး စင်မြင့်ပေါ်မှဆင်းလာသူ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်းအား ယှဉ်ပြိုင်ခဲ့မှု အနေအထားကိုမေးမြန်းရာ "ပန်းတိုင်းပွင့်ပြီဆိုတဲ့ သီချင်းနဲ့ ပြိုင်ပွဲဝင်ခဲ့တာပါ။ ဒီသီချင်းက ဟသ်ာတဦးမြင့်ငွေရေးစပ်ပြီး တေးသံရှင်ယုဇနက သီဆိုထားတဲ့သီချင်း ဖြစ်ပါတယ်။ သေသေချာချာ လေ့ကျင့်ခဲ့လို့ အားရကျေနပ်အောင်တော့ သီဆိုနိုင်ခဲ့ပါတယ်"ဟု ဖြေကြားသွားသည်။ မစပယ်ဖြူသိန်းမှာ ရန်ကုန်တိုင်း ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ယခင်နှစ် ပြိုင်ပွဲများကလည်း မဟာဂီတနှင့် ကာလပေါ်အဆိုပြိုင်ပွဲများ၌ ရွှေငါးခု၊ ငွေခုနစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့ဖူးသည့် ထူးချွန်သောအဆိုပါရမီရှင်လေးတစ်ဦးဖြစ်သည်။

လက်ခုပ်သံများ

ခေတ်အကြိုက်အဆိုပြိုင်ပွဲမှ ပြိုင်ပွဲဝင်များကို ကြည့်ရှုအားပေးပြီး အကပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ဆက်လက်သွားရောက်ခဲ့သည်။ ပြိုင်ပွဲခန်းမအတွင်း မစတင်မီကပင် တီးလုံးနှင့် သီချင်းသီဆိုသံများကို အဝေးမှ အတိုင်းသားကြားရသည်။ ခန်းမအတွင်း လှမ်းအဝင်မှာပင် ပရိသတ်များ၏ အားပေးလက်ခုပ်သံများက ဟိန်းခနဲ ထွက်လာသည်။ စင်မြင့်ပေါ်လှမ်းကြည့်လိုက်ရာ အရွယ်နှင့်မလိုက်အောင် ယှဉ်ပြိုင်ကပြနေသည့် ပြိုင်ပွဲဝင် ကလေးငယ်တစ်ဦးကို တွေ့ရသည်။ ဇာတ်မင်းသားကြီးတစ်ဦးနှယ် ကကြိုးကကွက် စုံလင်လှသည့် ဆိုင်းတီးလုံးအချီအချနှင့် ညီအောင်ကပြနိုင်သူ တစ်ဦးဖြစ်ရာ ယှဉ်ပြိုင်အပြီး စင်မြင့်ပေါ်မှ ဆင်းလာစဉ် တွေ့ဆုံမေးမြန်းရာ" ရှမ်းပြည်နယ်က ပြိုင်ပွဲဝင် ဖြစ်ပါတယ်။ သားအမည်က မောင်ပိုင်ထက်ဝေဖြစ်ပြီး ကျောက်မဲခရိုင် မဘိန်းရွာမှာ နေထိုင်ပါတယ်။ ဒီနှစ်က သားရဲ့ပထမဆုံး ပြိုင်ပွဲပါ၊ ငယ်ငယ်ကတည်းက အကကိုဝါသနာပါပြီး နေ့တိုင်းအိမ်မှာ ကနေတာပါ၊ နောင်နှစ်တွေလည်း ဆက်ပြိုင်သွားမှာဖြစ်သလို ဆုတွေအများကြီးရအောင် ကြိုးစားသွားမယ်၊ သားက ကြီးလာရင် ဇာတ်မင်းသားကြီး ဖြစ်ချင်လို့ပါ" ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ခေတ် အကြိုက်

"ခေတ်အကြိုက် တေးပြိုင်ပွဲ အစီအစဉ်ကို နိုင်ငံတော် အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ထည့်သွင်း ကျင်းပပေး တာဟာ ဂုဏ်ယူစရာပါ"

တေးရေး
မောင်သစ်မင်း
ဥက္ကဋ္ဌ
အဆိုအကဲဖြတ်ဒိုင်

တစ်ဦးချင်းအက (၁၀-၁၅)နှစ် ပြိုင်ပွဲဝင်ကလေးငယ်များကား အရွယ်နှင့်မလိုက်အောင်ဇာတ်ဟန်ပါပြီး ခေါင်း၊ ခါး၊ ခြေ၊လက် ကကွက်များကို အမှားအယွင်းမရှိအောင် ကပြယှဉ်ပြိုင်နိုင်ကြရာ ပရိသတ်များ၏ လက်ခုပ်သံများကား မစဲတော့ချေ။ ထို့နောက် အကပြိုင်ပွဲခန်းမမှ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)သို့ ဆက်လက်ကူးခဲ့ပြန်သည်။

အားရ ကျေနပ်

"ပန်းတိုင်းပွင့်ပြီဆိုတဲ့ သီချင်းနဲ့ ပြိုင်ပွဲဝင်ခဲ့တာပါ။ သေ သေ ချာ ချာ လေ့ကျင့်ခဲ့လို့ အားရ ကျေ နပ် အောင်တော့ သီဆိုနိုင်ခဲ့ပါတယ်"

မစပယ်ဖြူသိန်း
(ရန်ကုန်တိုင်း)

ဆိုင်းအတီးပြိုင်ပွဲကျင်းပရာ ခန်းမသို့ မရောက်မီကပင် လက်ကျလက်န ကောင်းမွန်သေသပ်သော ဆိုင်းတီးသံများကို ကြားနေရသည်။ တီးလုံးတီးကွက် လက်သံပြောင်မြောက်လှသည့် ပြိုင်ပွဲဝင်တို့၏ ဆိုင်းလက်သံများပင်....။

ပြောင်မြောက်သောလက်သံ

ပြိုင်ပွဲခန်းမအတွင်း ဝင်လိုက်သည့်အခါ ဆိုင်းဝိုင်းတီးလုံးက ဟိန်းထွက်လာသည်။ ပြောင်မြောက်သော လက်သံ၊ တီးလုံးတီးကွက် အလှူးအလိမ့်၊ အကူးအပြောင်း၊ နရီစည်းချက် အဝင်အထွက် မှန်မှန်ဖြင့် ဗုံများပေါက်ထွက်မတတ်တီးကာ ယှဉ်ပြိုင်နေသည့် မန္တလေးတိုင်းမှ မောင်လှမျိုးကို ယှဉ်ပြိုင်အပြီး စင်မြင့်အပေါ်မှ ဆင်းလာသည်ကို တွေ့ရ၍ တွေ့ဆုံမေးမြန်းရာ "ဆိုင်းဝိုင်းတစ်ဦး ချင်းအနေနဲ့ ဒီနှစ်က ပထမဆုံးအကြိမ်ပါပဲ။ သားက မန္တလေးတိုင်း မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းရွာက ဖြစ်ပါတယ်။ မနှစ်က ပတ္တလားတီးပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပြီး ဒီနှစ်မှာ ဆိုင်းဝိုင်းတစ်ဦးချင်း ယှဉ်ပြိုင်တာပါ။ အချိန်ရသမျှ လေ့ကျင့်ခဲ့တာမို့ ပြိုင်ရတာ အားရပါတယ်။ သားက ကြီးလာရင် ဆိုင်းဆရာကြီးလုပ်မှာ"ဟု ဖြေကြားသည်။

မြန်မာ့ဆိုင်းဝိုင်းကြီးကို နိုင်နင်းစွာ တီးခတ်နေသည့် ကလေးများကို ကြည့်ရင်း မြန်မာ့အနုပညာ မျိုးဆက်သစ်လူငယ်လေးများ၏ အနုပညာ အရည်အသွေးကို အားရကျေနပ်စွာ မြင်တွေ့ခွင့်ရခဲ့သဖြင့် ကျေနပ်ပီတိဖြစ်ရသည်။ ပြိုင်ပွဲခန်းမမှ ပြန်အထွက် အပြန်လမ်းခရီးတွင် အနုပညာမျိုးဆက်သစ်တို့၏ အရည်အချင်းမြင့်မားမှု၊ ကြိုးစားအားထုတ်မှု၊ ယှဉ်ပြိုင်မှုတို့ကို မျက်စိထဲမြင်ယောင်မိရင်း....။ **(မြန်မာ့အလင်း)**

✻ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr.Shin Imai ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂလက် အောက်ခံအဖွဲ့ အစည်းများမှ ဌာနေ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင် အဖွဲ့ ဝင်များ၊ ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဆုရ မြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ဆုရ

ကျောင်းသားများနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

စိုးရိမ်ဖွယ်ရာ

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ထွေးဦးက အမှာစကား ပြောကြားရာ၌ မျက်မှောက်ကမ္ဘာတွင် စားနပ်ရိက္ခာ ဖူလုံပြည့်စုံမှုမရှိသည့်အတွက် အာဟာရ မပြည့်ဝသော လူဦးရေသန်း ၈၆၀ကျော်၏ စိုးရိမ်ဖွယ်ရာ အခြေအနေများ တည်ရှိနေဆဲ ဆိုသည်ကို အစဉ်တစိုက် အမှတ်ရ သတိပြု မိနေစေရန် နှစ်စဉ်ကမ္ဘာ့ စားနပ်ရိက္ခာနေ့ အခမ်းအနားများ ကျင်းပ၍ သတိပေး ဖော်ညွှန်းပြလျက်ရှိကြောင်း။

အဓိကစိန်ခေါ်မှု

ယနေ့အချိန်အခါတွင် ကမ္ဘာ့လူသား အားလုံးအတွက် နေ့စဉ်စားနပ်ရိက္ခာ ဖူလုံ ရေးဆိုသည့် အချက်သည် အဓိက စိန်ခေါ် မှုကြီးတစ်ရပ်ဖြစ်ကြောင်း၊ ၁၉၇၆ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးအစည်းအဝေး က ၂၀၁၅ခုနှစ်တွင် ဆင်းရဲငတ်မွတ်သူ ဦးရေ၏ ထက်ဝက်အထိ လျှော့ချနိုင်ရေး ကို ကြိုးပမ်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ ကြောင်း၊ ယခုဆိုလျှင် ကမ္ဘာကြီး ပူနွေး လာမှုနှင့်အတူ ရာသီဥတုပြောင်းလဲလာမှု နှင့် ဇီဝစွမ်းအင်လိုအပ်ချက် မြင့်တက်လာမှု တို့သည် အဆိုပါ ရည်မှန်းချက်ပြည့်မီရေး အတွက် ကြီးမားမည့် စိန်ခေါ်မှုများအဖြစ် တွေ့ကြုံနေရပြီဖြစ်ကြောင်း။

သတိမှတ်ခဲ့

ဤကဲ့သို့သော စိန်ခေါ်မှုများကို သတိမူ မိစေရန် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက် ပျိုးရေးအဖွဲ့ကြီးက ယခုနှစ်၏ ဆောင်ပုဒ် အဖြစ် "စွမ်းအင်ဇီဝ ပြောင်းလဲရာသီ ရိက္ခာဖူလုံမှုကို စိန်ခေါ်ပြီ" ဟု သတ်မှတ် ခဲ့ခြင်းဖြစ်ကြောင်း။

မီးမောင်းထိုးပြ

စားနပ်ရိက္ခာ မဖူလုံမှုကြောင့် ဖြစ် ပေါ်လာရသည့် ဆင်းရဲငတ်မွတ်မှုကနေ အကျိုးဆက်များဖြစ်သော ကျန်းမာရေးချို့ တဲ့မှု၊ လူ့သက်တမ်းတိုတောင်းမှု၊ အလုပ် စွမ်းရည်ကျဆင်းမှု၊ ပညာသင်ယူနိုင်စွမ်း ကျဆင်းမှုတို့သည် လက်ရှိဘဝသာမက နောင်မျိုးဆက်များအထိပါ ထိခိုက်စေနိုင် ကြောင်း၊ ထို့ကြောင့် ယခုနှစ် ဆောင်ပုဒ် က ရာသီဥတုပြောင်းလဲမှုများနှင့် ဇီဝစွမ်း အင် ထုတ်လုပ်မှုများ၏ အကျိုးဆက်များ ကြောင့် စားနပ်ရိက္ခာ လုံခြုံဖူလုံစေမှုအ တွက် သတိပြုရင်ဆိုင်ရမည့် ကိစ္စရပ်များ ကို မီးမောင်းထိုးပြလိုက်ခြင်းပဲ ဖြစ် ကြောင်း။

စုပေါင်းဖြေရှင်း

ကမ္ဘာကြီး၌ ရာသီဥတုပြောင်းလဲမှု ကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေး အန္တရာယ်များ၏ အကျိုးသက်ရောက်မှုများ နှင့် ဇီဝစွမ်းအင်လိုအပ်ချက် မြင့်မားလာမှု များကြောင့် ကမ္ဘာ့သူ ကမ္ဘာ့သားများ ကြုံတွေ့နေရသည့် စားနပ်ရိက္ခာ မဖူလုံမှု နှင့် ဆင်းရဲငတ်မွတ်မှု ပြဿနာများကို "စွမ်းအင်ဇီဝ ပြောင်းလဲရာသီ ရိက္ခာဖူလုံမှု ကို စိန်ခေါ်ပြီ" ဆိုသည့် နှိုးဆော်သတိပေး ချက်နှင့်အညီ အလေးအနက်ထား စုပေါင်း ဖြေရှင်းကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ၏ သဝဏ်လွှာကို ကုလသမဂ္ဂစားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Dr.Shin Imai က ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ် ရိက္ခာနေ့ အထိမ်းအမှတ်ဗီဒီယိုကိုပြသပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပ ရာ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍပြိုင်ပွဲများ တွင် ထူးချွန်ဆုရရှိသူများ၊ စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ထူးချွန်ဆု ရရှိသူများကို ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ်တို့က ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့နှင့် လုပ်ငန်းရှင်များက ခင်းကျင်းပြသ ထားသည့် ပြခန်းများနှင့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြ သည်။ **(သတင်းစဉ်)**

> ✻ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
>
> ✻ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
>
> ✻ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr.Shin Imai ဖတ်ကြားစဉ်။
(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဆုပေးပွဲအခမ်းအနားတွင် သစ်တောကဏ္ဍ၌ ထူးချွန်ဆုရသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဆုပေးပွဲအခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍပြိုင်ပွဲ၌ ထူးချွန်ဆုရသူတစ်ဦးအား ဆုပေးအပ် ချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု
ကိုးကားတင်ပြသည်

ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၇

အောက်တိုဘာ ၁၇ရက်က မြန်မာနိုင်ငံ၏ရာသီဥတုကို ခန့်မှန်းရပါက ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ ၁၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှ အောက်ပါအတိုင်း ဖြစ်သည်-

ဖျာပုံ	၀ဒသမ၆၇ လက်မ
မြိတ်	၀ဒသမ၄၃ လက်မ
မုဒုံ	၀ဒသမ၂၀ လက်မ
ဘားအံ	၀ဒသမ၁၅ လက်မ

အောက်တိုဘာ၁၈ရက် (**ယနေ့**) ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာ နိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းလျက်ရှိ သည်။

မိုးထစ်ချုန်းရွာ

အောက်တိုဘာ၁၈ရက် (**ယနေ့**) နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင်မူ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ထွန်းဖောင်ဒေးရှင်း(၂၀၀၈)ပြိုင်ပွဲကျင်းပရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ ၁၆/၂၀၀၈ အလုပ်အမှု ဆောင်အစည်းအဝေးကို အောက်တိုဘာ၁၂ရက် မွန်းလွဲ၁နာရီက ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း အစည်းအရုံး(ဗဟို)အစည်းအဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် အလုပ်အမှု ဆောင်များ စုံညီစွာတက်ရောက်ကြသည်။ အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်းနှင့် အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)တို့က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာ ကော်မတီအသီးသီးက တင်ပြဆွေးနွေးကြသည်။

လာမည့်ဒီဇင်ဘာ၌ ကျင်းပမည့် Tun Foundation Bank Best Paintings of the years 2008 ပြိုင်ပွဲ/ပြပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် လုပ်ငန်းကော်မတီ များ ဖွဲ့စည်းပြီး တာဝန်များ ခွဲဝေကြသည်။ ပန်းချီပြိုင်ပွဲအတွက် ၃'x၄'အောက် မငယ်၊ ၄'x၆'ထက်မကြီးသည့် ပန်းချီပညာရှင်ရေးဆွဲသော ပန်းချီကားကို ၅"x၇"အရွယ်ဓာတ်ပုံနှစ်ပုံ သို့မဟုတ် CD ကို အောက်တိုဘာ၃၁ရက် နောက်ဆုံးထား၍ ၃၁/၆၁၊ ကမ်းနားလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ရုံးသို့ ပေးပို့နိုင်ကြောင်း၊ ပထမအဆင့်ရွေးချယ်သောပုံများအတွက် ပညာရှင်များထံ အကြောင်းပြန်ကြားမည်ဖြစ်ပြီး ရွေးချယ်ခံရသူ၏ ပန်းချီကားမူရင်းများကို နိုဝင်ဘာ၂၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်များ၏ ပုံများ စတင်လက်ခံရရှိနေပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



လမ်း၏ယာဘက်သို့ လွင့်စဉ်ကျသွားသော ဂက်စ်အိုးနှစ်လုံးအနက်မှ တစ်လုံးကိုတွေ့ရစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

အခြားဘက်လမ်းကြောင်း ယာဉ်ကြောအတွင်း ပေ၄ဝခန့် ရောက်ရှိသွားကာ တိမ်းမှောက်ရပ်တန့်သွားခဲ့ကြောင်း၊ သို့အတွက် ခရီးသည် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့သည် လမ်း၏ယာဘက်သို့လည်းကောင်း၊ အမျိုးသားတစ်ဦးသည် လမ်း၏ဝဲဘက်သို့လည်းကောင်း လွင့်စဉ်ထွက်ကျကာ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲ

ထို့အပြင် ယာဉ်တိမ်းမှောက်မှုအရှိန် ပြင်းထန်သည့်အတွက် ကားပေါ်တွင်ပါရှိသည့် ဂက်စ်အိုးလေးလုံးမှာ အချင်းချင်း ပြင်းထန်စွာ ရိုက်မိပြီး တစ်လုံးပေါက်ကွဲကာ နှစ်လုံးမှာ လမ်း၏ယာဘက်သို့လည်းကောင်း၊ တစ်လုံးမှာ လမ်း၏ဝဲဘက်သို့လည်းကောင်း လွင့်စဉ်ကျသွားခဲ့ကြောင်း၊ ဂက်စ်အိုးတစ်လုံး ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ခရီးသည် အမျိုးသမီးနှစ်ဦးတို့ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရှိန်ပြင်းထန်စွာ မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်ကြွခိုင်ရေး အားနည်းမှုတို့ကြောင့် တိမ်းမှောက်သွားသည့် တိုက်ကြီး-ရန်ကုန် ပြေးဆွဲသော ခရီးသည်တင် ဟိုင်းလတ်ယာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းဖြစ်စဉ်တွင် ဂက်စ်အိုးပေါက်ကွဲရခြင်းမှာ ဂက်စ်အိုး၏ ချို့ယွင်းချက်ကြောင့်မဟုတ်ဘဲ ယာဉ်တိမ်းမှောက်မှုကြောင့် ဂက်စ်အိုးလေးလုံး အချင်းချင်း ပြင်းထန်စွာရိုက်မိရာမှ အပြင်းထန်ဆုံးရိုက်ခတ်ခြင်းခံရသည့် ဂက်စ်အိုးတစ်လုံး ပေါက်ကွဲသွားခြင်းသာ ဖြစ်သည်ဟု စုံစမ်းတွေ့ရှိရကြောင်း သိရသည်။

ထိခိုက်သေဆုံး

ယခုဖြစ်စဉ်ဖြစ်ပွားချိန်မှာ လူသွားလူလာ နည်းပါးသည့်အချိန်ဖြစ်သဖြင့် ယာဉ်ပေါ်ပါ ခရီးသည်များသာ ထိခိုက်သေဆုံးရခြင်း ဖြစ်သော်လည်း လူသွားလူလာများပြားသည့်အချိန် ဖြစ်ပွားပါက အခြားသောယာဉ်များကိုပါ တိုက်မိပြီး အခြားခရီးသည်များပါ ထိခိုက်နိုင်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ခရီးသည်တင်မော်တော်ယာဉ်များအား ယာဉ်ကြွခိုင်မှု စနစ်တကျဆောင်ရွက်ရေးနှင့် ယာဉ်စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့အတွက် သက်ဆိုင်ရာက ဆက်လက်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန အနေဖြင့်လည်း ဓာတ်ငွေ့အသုံးပြုသည့် ယာဉ်များတွင်တပ်ဆင်ရမည့် ဂက်စ်အိုးများ၏ အရည်အသွေးကိုလည်းကောင်း၊ ဓာတ်ငွေ့ ဖြည့်တင်းရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် လိုက်နာရမည့်စည်းကမ်းများကိုလည်းကောင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တိတိကျကျ သတ်မှတ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသဖြင့် အများပြည်သူတို့အနေဖြင့် ဓာတ်ငွေ့သုံးမော်တော်ယာဉ်များအား ယုံကြည်စိတ်ချစွာ စီးနင်းနေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်း၏ဝဲဘက်သို့ လွင့်စဉ်ကျသွားသော ဂက်စ်အိုးတစ်လုံးကို တွေ့ရစဉ်။ (သတင်းစဉ်)

မြောက်မှတောင်သို့ မောင်းနှင်လာသည့် မထသယာဉ်လိုင်းအမှတ် (၁၃၂) မှ ယာဉ်အမှတ် ပ/၁၆၀၂ ဟိုင်းလတ် (အဖြူရောင်) ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ် အခင်းဖြစ်ရပ်မြေပုံကြမ်း



လမ်း၏ယာဘက်သို့ လွင့်စဉ်ကျသွားသော ဂက်စ်အိုး နှစ်လုံးအနက်မှ တစ်လုံးကိုတွေ့ရစဉ်။ (သတင်းစဉ်)

တိုက်ကြီး-ရန်ကုန် ခရီးသည်တင်ယာဉ် ဂျိုင်းဆက်ပြုတ်ထွက်ပြီး ကတ္တရာလမ်းနှင့် တတိယအကြိမ် ထောက်မိရာမှ အရှိန်ပြင်းစွာ မြောက်တက်၍ တိုက်မိသဖြင့် ပွဲထွက်သွားသော လမ်းလယ်ခုံတုံးကိုတွေ့ရစဉ်။ (သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးမောင်မောင်ကြီး-ဒေါ်လှကြည်တို့၏သားထွေး
မောင်မင်းဆွေ A.G.T.I (M.T), B.Sc (Maths)
Third Engineer, Multi-Gate Corporation Ltd.
နှင့်
ရန်ကုန်မြို့နေ
ဦးစိန်မြင့်-ဒေါ်ရင်မြင့်တို့၏သမီးထွေး
မဇာဇာလွင်
B.Sc (Maths), Dip. DS IBTC Co., Ltd.
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၄-၁၀-၂၀၀၈ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းဆွေ-မဇာဇာလွင်။

လူပျောက်ကြော်ငြာနှင့် သတိပေးကြေညာချက်

ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၉ လမ်း၊ အမှတ် ၂၃၆၊ ပထမထပ်နေ ဦးအန္တဝါရ်၊ ဒေါ်နူရ်ဂျန်ဘီတို့၏သား၊ ဆဟာဂျန်ဘီ၏ခင်ပွန်း၊ **ကိုစိုးမြင့်(ခ) နော်ရှားသ်ဟူစိန်** ၁၂/ပဘတ(နိုင်)၀၂၇၁၄၈ သည် ၁၃-၈-၂၀၀၈ရက် ည ၁၀း၃၀ နာရီခန့်တွင် အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေးပြဿနာတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှ ခေတ္တအပြင်ထွက်သွားရာမှ ယနေ့တိုင်ပြန်ရောက်လာခြင်းမရှိ ပျောက်ဆုံးနေပါသည်။

၎င်းအပြင်သို့ ခေတ္တထွက်သွားစဉ်က ၎င်းနှင့်အတူ ရွှေထည်၊ လက်ဝတ်ရတနာများပါသွားပါသည်။ ၎င်းအား လက်ခံထားခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ တစ်နည်းနည်းဖြင့် အကျပ်ကိုင်ထိန်းချုပ်ထားခြင်း၊ ပူးပေါင်းကြံစည်ခြင်းများ၊ မပြုလုပ်ပါရန်နှင့် ပြုလုပ်သူများအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(သတင်းပေးပို့သူများအား ကျေးဇူးဆပ်ပါမည်။)
ဦးအန္တဝါရ်၊ ဒေါ်နူရ်ဂျန်ဘီနှင့် မိသားစု၊
ဖုန်း-၀၉-၅၁-၀၆၂၈၉၊ ၀၉-၅၁-၆၆၇၆၈။

ကျေးဇူးဆပ်ပါမည်

၁၅-၁၀-၂၀၀၈ရက် ညနေပိုင်းက Taxi တစ်စီးပေါ်တွင် ဝန်ထမ်းကတ်နှင့် စာရွက်စာတမ်းများပါရှိသော အနက်ရောင်ပိုက်ဆံအိတ် တစ်လုံး မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးမျိုးခိုင်ဇော် ဖုန်း-၀၁-၅၇၁၂၄၂၊ ၀၉-၅၁-၆၃၉၃၁။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်နေ
ဦးလှမောင်-ဒေါ်ခင်ညွန့် (စောင်းကောက်ဆေးလိပ်ခုံ)
မန္တလေးမြို့၊ (၆၅)လမ်း၊ (ဏ-၁/၅)နေ
ဦးအောင်ဒင်-ဒေါ်ကြည်ကြည်ဝင်းတို့၏မြေး
ဦးသွင်ထူး-ဒေါ်သိန်းသိန်းအောင်(နှောင်ရိုးဆောက်လုပ်ရေး)တို့၏သား
မောင်သိုက်ဒင်စိုး PSB (Academy) Singapore
နှင့်
စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၃)ရပ်ကွက်နေ
ဦးဘိုကြီး-ဒေါ်တင်နု
(ရုပ်ပျိုတိုင်းရင်းဆေး၊ အထူးကုဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း)တို့၏သမီး
မဆုလဲ့နိုင် B.C. Tech (Q)

တို့၏ ၁၅-၁၀-၂၀၀၈ရက်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်အမရပူရခန်းမ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပါသော စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးအားလည်းကောင်း၊ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါသော အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးခင်မောင်ဖေ၊ ဒေါ်တင်တင်နွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဘိသိက်သွန်းလောင်းပေးပါသော ဦးအောင်မြင့်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုသော စောင်းမှူးသိန်းအားလည်းကောင်း၊ ဗီဒီယိုနှင့်ဓာတ်ပုံမင်္ဂလာမှတ်တမ်းတင်ပေးသော မောင်မောင်လှတင့် (မန်းတက္ကသိုလ်)နှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့်မင်္ဂလာပန်းအလှပြင်ပေးသော မိုးကုတ်ပေါက်ပေါက်အားလည်းကောင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဦးအောင်အောင်၊ ဒေါ်ဝေဝေ(ဂရိတ်စိန်တိုက်)အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဖြူနှင်းပွင့်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဖြူစင်ဝေအောင်၊ မဝတ်ရည်အောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မရွှေစင်မြင့်မြတ်၊ မမေအိမ့်ခြူးစံ၊ သတို့သားအရံ မောင်သီဟလင်းနှင့် သတို့သမီးအရံ မအေးအေးသန့်တို့အားလည်းကောင်း၊ ဆီဒိုးနားဟိုတယ်(မန္တလေး)မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း မှတ်တမ်းတင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိုက်ဒင်စိုး-မဆုလဲ့နိုင်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် စာတမ်းဖတ်ပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း "Petroleum Engineering Technical Division"မှကြီးမှူး၍ "Drill String Integrity Program"စာတမ်းကို U Myo Thwe (Drilling Engineer, National Drilling Co., Abudhabi, UAE)ကလည်းကောင်း၊"Experience in Using of Polymers as Drilling Fluids in Myanmar" စာတမ်းကို U Min Min Soe (Drilling Fluid Engineer, SCOMI Oiltools Ltd., Thailand) ကလည်းကောင်း ဟောပြောဖတ်ကြားမည်ဖြစ်၍ ရန်ကုန်မြို့ရှိ တက္ကသိုလ်များ(လှိုင်နယ်မြေ)လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ Seminar Room မြေညီထပ်တွင် အောက်တိုဘာ၁၈ရက်(စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆက်လက်စုံစမ်း

အလားတူ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း "စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ" မှကြီးမှူး၍ စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စာတမ်းဖတ်ပွဲ(၀၈/၂၀၀၇-၂၀၀၈)ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ မြေညီထပ်တွင်ပင် အောက်တိုဘာ၁၈ရက်(စနေနေ့)မွန်းလွဲ၂နာရီမှညနေ၄နာရီအထိကျင်းပမည်ဖြစ်သည်။စာတမ်းဖတ်ပွဲတွင် Millennium Development Goals(MDGs)and its' Energy Implications ခေါင်းစဉ်ဖြင့် U Soe Myint (Director General-Rtd), Energy Planning Department ကလည်းကောင်း၊ ပင်လယ်ဒီရေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းနှင့်ကျိုက္ခမီဘုရားမီးပူဇော်ရေးပဏာမ လေ့လာခြင်းခေါင်းစဉ်ဖြင့် U Soe Myint (Myanmar Engineering Society) ကလည်းကောင်း အသီးသီးဖတ်ကြားမည်ဖြစ်သည်။ အဆိုပါစာတမ်းဖတ်ပွဲများသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး အသေးစိတ်သိလိုသော အချက်အလက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇော်မင်းထွန်း၏ Pass-Port(No.358627) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၀၆၂၈၄။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၆၁၆၃ နီဆန်းပရီဆီးဆလွန်း လက်ဝယ်ရှိသူ ဦးကျော်သီဟ မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၁၉၈၆၄၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အနောက်ပိုင်းခရိုင်ရုံး
(သဃ်္ဃန်းကျွန်းမြို့)။

ကျေးဇူးဆပ်ပါမည်

မခင်အေးစံ၏ PP-No. ၈၉၇၉၁၃ နှင့် မခင်လေးစံ၏ PP - No. ၈၉၇၈၄၄ တို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၁၈၄၈၈။**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့







ကျေးဇူး ဆပ်ပါမည်

ကျွန်မ မလှိုင်လှိုင်ဝင်း ၉/အမဇ(နိုင်)၀၀၄၆၃၅ နိုင်ငံကူး လက်မှတ်-၅၁၄၃၁၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၀-၄၀၁၈၈။**

၁၉၈၄-၁၉၉၄ ပညာသင်နှစ် မန္တလေးဆေးတက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူဟောင်းများသို့

၁၉၈၄-၁၉၉၄ ပညာသင်နှစ်တွင် အမိဆေးတက္ကသိုလ်မန္တလေးသို့ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)နှစ်ပြည့် ငွေရတုအာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်ရှိ သူငယ်ချင်းများမှ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းများ-

မန္တလေး		ရန်ကုန်	
ဒေါက်တာ ကျော်ကျော်ဦး	ဖုန်း-၀၉-၂၀-၀၃၆၅၄	ဒေါက်တာ နိုင်ဝင်း	ဖုန်း-၀၉-၅၁-၁၅၅၅၅
ဒေါက်တာချစ်ပန်	ဖုန်း-၀၉-၂၀-၀၂၆၃၇	ဒေါက်တာစိုးသူအောင်	ဖုန်း-၀၉-၅၁-၂၄၂၈၁
ဒေါက်တာဇော်ဇော်	ဖုန်း-၀၉-၂၀-၂၇၀၇၈	ဒေါက်တာထွန်းမြင့်ဝင်း	ဖုန်း-၀၉-၅၀-၁၄၈၈၃
ဒေါက်တာတင်ထူးအောင်	ဖုန်း-၀၉-၂၀-၁၉၅၇၁	ဒေါက်တာဝေဝေရင်	ဖုန်း-၀၉-၅၀-၁၁၀၀၄၊ ၀၁-၆၅၃၃၅၁
ဒေါက်တာစိုင်းဖုန်းကျော်	ဖုန်း-၀၉-၅၁-၅၄၃၇၆	ဒေါက်တာသင်းယုဇော်	ဖုန်း-၀၉-၅၁-၆၇၆၇၃
ဒေါက်တာစန္ဒာသိန်း	ဖုန်း-၀၉-၂၀-၁၀၈၆၄	ဒေါက်တာဝါဝါစိန်	ဖုန်း-၀၉-၅၁-၂၀၂၂၀၊ ၀၁-၅၀၀၃၀၃
ဒေါက်တာမမိုးလှိုင်	ဖုန်း-၀၉-၅၁-၂၃၇၈၃	ဒေါက်တာပပဝါ	ဖုန်း-၀၉-၈၀၂၂၅၆၇
		ဒေါက်တာစိုင်းကျော်ခမ်းလောင်(ဝ်)	ဖုန်း-၀၉-၅၀-၁၅၈၈၅

မိဘအမည်မှန်

စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့၊ ရွာသီအရှေ့နေ မောင်ထက်အောင်၏ မိဘအမည်မှန်မှာ ဦးဗိုလ်ဝင်း-ဒေါ်ဆန်း ဖြစ်ပါကြောင်း။

ဦးဗိုလ်ဝင်း-ဒေါ်ဆန်း။

စက်မှုဇုန် မြေကွက် ရောင်းမည်

ရွှေလင်ဗန်းစက်မှုဇုန်၊ နေရာကောင်း၊ လမ်းမတန်း၊ လမ်းကျယ်၊ ဘတ်စ်ကားပြေးဆွဲ၊ ထောင့်ကွက်၊ လေးဇကခန့်၊ တစ်ဝက်လည်း ခွဲရောင်းမည်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၂၅၃၀၃၂၊ ၀၁-၃၈၀၆၆၃၊ ၀၉-၈၇၀၂၇၈၂။

မြန်မာ့လက်မှုပညာရှင်၊ လုပ်ငန်းရှင်များအတွက် သတင်းကောင်း

၂၀၀၉နှစ်ဆန်းတွင် ရွှေပြည်နန်းသနပ်ခါးပြခန်းနှင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ အရောင်းပြခန်း (MYANMAR TRADETIONAL ONE STOP SUPER MARKET)ကို ညောင်ဦးမြို့တွင် ခမ်းနားစွာ ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် နိုင်ငံခြားဈေးကွက် (EXPORT MARKET)ကို ရရန်စိတ်ဝင်စားသော အဆင့်မြင့် မြန်မာ့လက်မှုပညာရှင်များနှင့် လုပ်ငန်းရှင်များ (ဥပမာ-ငွေထည်၊ တိုင်းရင်းသားရိုးရာပစ္စည်းများ...စသည်ဖြင့်) အောက်ပါလိပ်စာသို့ဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်။ (ထူးခြားဆန်းသစ်စွာ တီထွင်မှုပါသော လက်မှုပညာများကို အထူးစိတ်ဝင်စားပါသည်။)

ရွှေပြည်နန်းကုမ္ပဏီလီမိတက်(ညောင်ဦး)
FIT လမ်းနှင့်ပုဂံညောင်ဦးလမ်းမကြီးထောင့်(ရွှေစည်းခုံဘုရားအနီး)
တိုက်ကုန်းရပ်ကွက်၊ ညောင်ဦးမြို့၊
ဆက်သွယ်ရန် - ဖုန်း-၀၆၁-၆၀၁၇၉၊ ၀၉-၅၁-၀၃၈၀၉။

မြင်းခြံ၌ စက်ရေတွင်း တူးဖော်

မြင်းခြံ အောက်တိုဘာ ၁၇

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ရုံကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အဖွဲ့ပိုင်တွင်းတူးစက်ဖြင့် လေးလက်မ စက်ရေတွင်း တူးဖော်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးလေးလွင်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့သည်။ အဆိုပါစက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ကျောင်းကုန်း အောက်တိုဘာ ၁၅

ပွင့်လင်းရာသီ ရောက်တော့မည်ဖြစ်သဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူးဒေါ်ဌေးဌေးဝင်းနှင့် ဝန်ထမ်းများ၊ မြို့မဈေးကော်မတီဥက္ကဋ္ဌဦးဒီတိုးနှင့် ကော်မတီဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးသိန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်းအပြင်၌ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက အမှိုက်သရိုက်များစနစ်တကျ ရှင်းလင်းထားမှု၊ မီးသတ်စက်ယာဉ်များနှင့် ပိုက်များစနစ်တကျထားရှိမှု၊ စက်ယာဉ်ကြွံခိုင်မှု၊ ဈေးမီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရှိမှု၊ အဝီစိတွင်းများမှ ရေထွက်ရှိမှု၊ အရေးပေါ် သုံးနိုင်မှု၊ မီးသတ်ရေကန်များ ရေဖြည့်ထားရှိမှု၊ မီးချိပ်မီးကပ်များ စနစ်တကျထားရှိမှု၊ သဲပုံး၊ ရေပုံးများထားရှိမှု၊ မီးတားလမ်းများ ထားရှိမှု၊ ဈေးအတွင်းရှိဆိုင်ခန်းများ အမှိုက်သရိုက်ရှိ မရှိနှင့် ရှင်းလင်းထားရှိမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် အသုံးပြုမှု၊ လောင်စာဆီများ သိုလှောင်ထားမှု ရှိမရှိနှင့် ဈေးအတွင်းအပြင်၌ မီးလောင်လွယ်သည့် ပစ္စည်းများရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (အပေါ်ပုံ) (၁၅၄)

ဘူးသီးတောင်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေး သတင်းစာ၊ ဂျာနယ်နှင့် စာစောင်များလှူဒါန်း

ဘူးသီးတောင် အောက်တိုဘာ ၁၂

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် အမျိုးသမီးရေးရာ စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုအားပေးပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးကြီးမားပုံကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့ဝင်ဒေါ်သိန်းညွန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက စာကြည့်တိုက်အတွက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာစောင်များကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်ရှိစာအုပ်များကို ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်မှူးနှင့် စာဖတ်နေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (ပြည်နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် စက်တင်ဘာ ၈ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဉာဏ်ကျွန်းကျေးရွာ နှစ်လက်မ စက်ရေတွင်း၊ အုတ်ရေကန်နှင့် အင်ဂျင်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်များစုဆောင်း

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ချယ်ရီ(မြောက်)လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို ဩဂုတ် ၂၂ ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့၌ ဆယ်အိမ်မှူး သင်တန်းဖွင့်

ကျောက်မဲ အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အဆင့် ဆယ်အိမ်မှူး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဦးကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဒေါ်အေးအေးမူက ကိုယ်ဝန်ဆောင်မိခင်များအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအေးမင်းထွန်းက ကူးစက်ရောဂါများ၊ ဆေးလိပ်သောက်ခြင်း ဆိုးကျိုးများနှင့် သန့်လေးသန့်အကြောင်းကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဒေါ်နန်းဆိုင်ဟွမ်က ကျောင်းပြင်ပ ပညာရေး အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။ (မိခင်/ကလေး)

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒီဂရီကောလိပ်ကျောင်းသွားလမ်းဘေး ဝဲ၊ ယာ မြေခင်းအလှပြုပြင်ဆောင်ရွက်ထားမှုကို စက်တင်ဘာ ၁၁ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်းပွင့်၊ ပန်းခိုင်ပြုလုပ်နည်း သင်တန်းဖွင့်

ညောင်လေးပင် အောက်တိုဘာ ၁၄

ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော ပန်းပွင့်၊ ပန်းခိုင်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ (၀၅၃)

သီပေါမြို့တွင် ရဲတပ်ဖွဲ့ဝင်များ ဂုဏ်ပြုပွဲကျင်းပ ဆိုင်ကယ်ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

သီပေါ အောက်တိုဘာ ၁၃

မူခင်းဖော်ထုတ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ဂုဏ်ပြုပွဲနှင့် ဆိုင်ကယ်လုယက်ခံရသည့် ပိုင်ရှင်အား ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှစိန်တို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က မူခင်းများစွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် စခန်းမှူး ရဲအုပ်ကံမြင့် **(ယာပုံ)**အား ဂုဏ်ပြုဆုငွေကျပ်၅၀၀၀၀ကိုလည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှစိန်က မူခင်းများအားကြိုးမာန်တက်ဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့ဝင်များ ကိုယ်စား နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကိုမြတ်အား ဂုဏ်ပြုငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း၊ ဆိုင်ကယ်ပိုင်ရှင် ဦးမောင်ပုက မူခင်းဖော်ထုတ် စွမ်းဆောင်ပေးသည့် ရဲတပ်ဖွဲ့ဝင်များကိုယ်စား စခန်းမှူး ရဲအုပ်ကံမြင့်အား ဂုဏ်ပြုငွေကျပ် ၅၀၀၀၀ကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စခန်းမှူး ရဲအုပ်ကံမြင့်က ဆိုင်ကယ်ပိုင်ရှင် ဦးမောင်ပုအား ဆိုင်ကယ်ကိုပြန်လည်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အရှေ့တိုင်းပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

အရှေ့တိုင်းပညာဌာန၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနစာကြည့်ခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပရာ ရှေးဦးစွာ ဆရာကြီး ဦးတင့်လွင်နှင့် ဆရာမကြီး ဒေါ်တင်တင်မြင့်တို့အား ကန်တော့ကြပြီး ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်နွဲ့နွဲ့ရီက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကန်တော့ချိုးကို ဦးအေးမင်းနှင့် ဦးအောင်ထွတ်တို့က ရွတ်ဆို၍စုပေါင်းကန်တော့ကြပြီး ဆရာဆရာမကြီးတို့အား ကန်တော့ခံပစ္စည်းများ ပေးအပ်ကြသည်။**(အောက်ပုံ)** **(ပညာရေး)**

ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး သင်တန်းဖွင့်

မန္တလေး အောက်တိုဘာ ၃

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၆ ရက်က ၂၃ လမ်းနှင့် ၈၄ လမ်းထောင့် မြို့နယ်အသင်းရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်နန်းမာလာဆွေက အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာမြမြမိုးက သင်တန်းရည်ရွယ်ချက်နှင့် သင်တန်း စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ပို့ချ

ဆက်လက်၍ သင်တန်းဖွင့်ပွဲ အပြီးတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြမြစိုးနှင့် တိုင်းရင်းဆေးမှူးတို့က ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ ပန်းချီကားချပ်၊ ရုပ်မြင်သံကြားစက်တို့ဖြင့် ဟောပြောပို့ချကြသည်။ အဆိုပါ သင်တန်းမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ (၀၉၀)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဘိုကလေး၌ကျင်းပ

ဘိုကလေး အောက်တိုဘာ ၁၀

ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားသို့ လေဘေးကွပ်ကဲရေးရုံးမှ ဗိုလ်မှူးကြီးမြင့်စိန် တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် ယူနီဆက်ဖ် အာဟာရတာဝန်ခံ ဒေါက်တာထွန်းဝေတို့က ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ ၂၀၀၈ခုနှစ် ဆောင်ပုဒ်ကို ရှင်းလင်း ဟောပြောသည်။

ထို့နောက် ဗိုလ်မှူးကြီးမြင့်စိန်နှင့် ဒေါက်တာ နို့ဖူးတို့က စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မာသန်းနှင့် တာဝန်ရှိသူများက ဗီတာမင်အေဆေးတိုက်ကျွေးကြပြီး မိုက်ခရိုနျူးထရီးရင်းဆေးပြားများနှင့် သန်ချဆေးများပေးဝေကြသည်။ (မြို့နယ် ပြန်/ဆက်)

18-10 (15).pmd 1 10/18/2008, 4:02 AM

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်ကြီးမှူး အခြေခံနှင့်အဆင့်မြင့် ကွန်ပျူတာ သင်တန်းဖွင့်

မန္တလေး အောက်တိုဘာ ၁၃

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်က ကြီးမှူးဖွင့်လှစ်သော အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၃၇)နှင့် အဆင့်မြင့်ကွန်ပျူတာသင်တန်းအမှတ်စဉ်(၃၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈ နာရီခွဲက သီရိရတနာခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးပိုမြင့်နှင့် သင်တန်းကြီးကြပ်မှုကော်မတီဝင် ပါမောက္ခ၊ ဌာနမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၅၃ဦး တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဒေါ်ချောစုကိုကိုက ဆောင်ရွက်သည်။

သင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခချုပ်ဦးပိုမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး(ဓါတ်ပုံ) သင်တန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မော်ကွန်းထိန်းဦးစိန်ဝင်းက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန သင်တန်းများဖွင့်လှစ်မှုအခြေအနေနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ (ပညာရေး)

ထန်းတပင်၌ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်းနှင့် ပန်းအိုးအလှထိုးသင်တန်းဆင်း

ထန်းတပင် အောက်တိုဘာ ၁၂

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သော ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်းနှင့် ပန်းအိုးအလှထိုးခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၇ရက် မွန်းလွဲ ၁နာရီက မြို့နယ်ကျက်သရေဆောင် သီရိမင်္ဂလာ ခန်းမဆောင်၌ ကျင်းပသည်။

ဆုများချီးမြှင့်

သင်တန်းဆင်းပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးက အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမရရှိသူ သီရိရတနာရပ်ကွက်သင်တန်းသူအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးကလည်းကောင်း၊ ဒုတိယရရှိသူ သီရိဟေမာရပ်ကွက်မှ သင်တန်းသူအား မြို့နယ်ဆရာဝန် ဒေါက်တာမြင့်အောင်ကလည်းကောင်း၊ တတိယရရှိသူ အောင်မင်္ဂလာရပ်ကွက်မှ သင်တန်းသူတစ်ဦးအား အထကကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝေက လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက် ကျေးရပ်ကွက်မှ သင်တန်းသူ ၁၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လေဘေးသင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဖြည့်တင်းပေးရန် အောက်တိုဘာ ၄ရက်က သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သံတွဲခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးစိုးဝင်းက သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ် ၁၂၀ လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးညိုအုန်းမြင့်က လက်ခံယူစဉ်။

(ခရိုင် ပြန်/ဆက်)

စာပေလေ့လာရခြင်း ရည်ရွယ်ချက်နှင့် ပညာဗဟုသုတများ လင်းခေး၌ ဆွေးနွေး

လင်းခေး အောက်တိုဘာ ၁၀

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ကျောင်းတွင်းဟောပြောပွဲကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက လင်းခေးမြို့နယ် ဝမ်ဟတ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးမောင်ဆန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း သိကောင်းစရာနှင့် ပတ်သက်၍ ကျောင်းသားကျောင်းသူများအား လက်ကမ်းစာစောင်ဝေ၍ သရုပ်ပြဟောပြောသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာပေကိုလေ့လာရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေမှရရှိသည့်အသိပညာဗဟုသုတများအကြောင်း သိကောင်းစရာနှင့် ရည်မှန်းချက်ရှိရမည်ခေါင်းစဉ်တို့ကို ကျောင်းသား ကျောင်းသူများအား ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့် ဓာတ်ပုံကျွမ်းကျင် ဦးစိုင်းဇော်လတ်တို့သည် လင်းခေးမြို့နယ် နမ့်တွန်၊ နားလင်း၊ တိပဟာယိန်း၊ ဝမ်ဟတ်၊ ဝမ်တိန်း၊ နားကုန်းနှင့် မအွန်လောင်းကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များသို့ သွားရောက်၍ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်ခုနစ်တိုက်၏ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများနှင့် အဆိုပါစာကြည့်တိုက်အဆောက်အအုံများ ပိုမိုခိုင်မာ တိုးတက်လာစေရေးအတွက် ကျေးရွာများရှိ စာကြည့်တိုက်ကော်မတီနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဆွေးနွေးဟောပြောကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မဟာဗန္ဓုလလမ်း အုတ်ရေမြောင်းဖြတ် သံကူကွန်ကရစ်တံတားများ ဆောက်လုပ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၅ ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးပန်းတိုင်ဧကေ၌ ပုလဲဓာတ်မြေဩဇာကြဲပက်

တောင်တွင်းကြီး အောက်တိုဘာ ၁၃

၂၀၀၈-၂၀၀၉ခုနှစ် တောင်တွင်းကြီးမြို့နယ် မိုးစပါးပန်းတိုင်ဧရိယာ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို အောက်တိုဘာ ၅ရက် ညနေ ၅နာရီက ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ကျင်းပရာ တောင်သူလယ်သမားများက သတ်မှတ်လယ်ဧကများအတွင်း ပုလဲဓာတ်မြေဩဇာများကို စုပေါင်းကြဲပက်ကြသည်။

အဆိုပါ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲသို့ နယ်မြေတာဝန်ခံ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖုန်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အလားတူ မိုးစပါးပန်းတိုင်ဧရိယာ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲများကို အောက်တိုဘာ၅ရက်က မြို့နယ်လုံးကျွတ် ကျင်းပကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေး စဉ့်ကူးမြို့၌ ဆောင်ရွက်

စဉ့်ကူး အောက်တိုဘာ ၆

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် စဉ့်ကူးမြို့ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၅ရက် နံနက် ၈နာရီက ပြည်သူ့ဆေးရုံ၌ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ အတွင်းရေးမှူး ဦးသန်းနွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်ရှိ ချုံနွယ်များ၊ မြက်နှင့်အမှိုက်သရိုက်များ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းညွန့်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့နယ်စည်ပင် အမှိုက်သရိုက်များ ရှင်းလင်း

ညောင်ရွှေ အောက်တိုဘာ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုး ဦးဆောင်ကြီးကြပ်၍ စက်တင်ဘာ ၂၈ရက်က မြို့အဝင် နဒီကန်နှင့် မိုင်းလီချောင်းရိုးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရုံးဝန်ထမ်းများသည် ချောင်းရိုးတစ်ဖက်တစ်ချက်ရှိ အမှိုက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ချောင်းအတွင်း ဗေဒါပင်များ ဆယ်ယူခြင်းများ ဆောင်ရွက်ကြသည်။

(ဝ၂၁)

မြို့နယ်သတင်းများ

စက်တင်ဘာ၂၃ ရက်က ကန်ကြီးထောင့် မြို့နယ်ဆရာဝန် ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများ၊ အမှုဆောင် အရာရှိ ဦးလှသိန်းနှင့် ဝန်ထမ်းများ ပူးပေါင်း၍ အဖွဲ့ပိုင်ဒါးက ဈေးဆိုင်များ၌ စံချိန်မီ အိုင်အိုဒင်းဆားများ ရောင်းချမှု ရှိမရှိ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အာဟာရချက်ပြုတ်မှု ကျောက်မဲမြို့တွင် ပြိုင်

ကျောက်မဲ အောက်တိုဘာ ၆

ကျောက်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရချက်ပြုတ်ပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က မေတ္တာမွန်ခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်အေးအေးမူက တန်ဖိုးနည်းအာဟာရချက်ပြုတ်နည်းပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြီး ပြိုင်ပွဲကိုကျင်းပရာ ဆုရရှိသော အုပ်စုလိုက်အဖွဲ့များကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မိခင်/ကလေး)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်မြေသားလမ်းများ ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ကြစဉ်။

(မြို့နယ်စည်ပင်)

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မစုလှိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၁/မစန(နိုင်)၀၁၇၈၁၀ဖြစ်ပါသည်။

ဦးသိန်းနိုင်၁/မစန(နိုင်)၀၁၇၈၁၀။

အမည်ပြောင်း

ကချင်ပြည်နယ် ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်ကျော်မင်းအား ယနေ့မှစ၍ မောင်အောင်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကိုကို။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက် အမှတ် ၁၂၀၊ မြေကွက်တည်နေရာ အမှတ်-၁၂၀၊ အောင်သုခလမ်း၊၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးမြင့်မောင် AE-၂၃၉၂၀၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်မောင် ကွယ်လွန်သဖြင့် ဒေါ်မြမြစိန် ၁၂/မဂတ(နိုင်)၀၂၈၅၀၅၏ GP ၈၇၃၂/၂၉-၈-၈၈ ဦးမျိုးမြင့်စိုးက ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။



မူးယစ်ကင်းစင် အလှဆင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
နေပြည်တော်

အကြောင်းကြားစာ

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)(လျှပ်စစ်)ရာထူးနေရာများအတွက် သတင်းစာမှခေါ်ယူပြီး ၂၈-၉-၂၀၀၈ ရက်မှ ၂၉-၉-၂၀၀၈ရက်များတွင် ရေးဖြေစာမေးပွဲပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ရာထူးအတွက် အောက်ပါခုံအမှတ်များဖြင့် ဖြေဆိုအောင်မြင်သူများသည် ၂၉-၁၀-၂၀၀၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉:၀၀နာရီအချိန်တွင် လူတွေ့စစ်ဆေးခံရန် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်သို့ အချိန်မီလာရောက် သတင်းပို့ရမည်ဖြစ်ပါသည်။

အောင်မြင်သည့်ခုံအမှတ်များ။ စက်(၁)၊ စက်(၃)၊ စက်(၅)၊ စက်(၈)၊ စက်(၉)၊ စက်(၁၁)၊ စက်(၁၂)၊ စက်(၁၃)၊ စက်(၁၄)၊ စက်(၁၅)၊ စက်(၁၇)၊ စက်(၁၈)၊ စက်(၁၉)၊ စက်(၂၂)၊ စက်(၂၇)၊ စက်(၂၉)၊ စက်(၃၀)၊ စက်(၃၁)၊ စက်(၃၂)၊ စက်(၃၃)၊ စက်(၃၅)၊ စက်(၃၉)၊ စက်(၄၀)၊ စက်(၄၁)၊ စက်(၄၂)၊ စက်(၄၃)၊ စက်(၄၄)၊ စက်(၄၅)၊ စက်(၄၆)၊ စက်(၄၇)။

၃။ **အငယ်တန်းအင်ဂျင်နီယာ-၂(လျှပ်စစ်)** ရာထူးအတွက် အောက်ပါခုံအမှတ်များဖြင့် ဖြေဆိုအောင်မြင်သူများသည် ၃၀-၁၀-၂၀၀၈ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀နာရီအချိန်တွင် လူတွေ့စစ်ဆေးခံရန် အထက်အပိုဒ်(၂)ပါရုံးသို့ အချိန်မီလာရောက် သတင်းပို့ရမည်။

အောင်မြင်သည့်ခုံအမှတ်များ။ လျှပ်(၂)၊ လျှပ်(၇)၊ လျှပ်(၁၀)၊ လျှပ်(၁၃)၊ လျှပ်(၁၄)၊ လျှပ်(၁၇)၊ လျှပ်(၁၈)၊ လျှပ်(၁၉)၊ လျှပ်(၂၄)၊ လျှပ်(၂၅)၊ လျှပ်(၂၆)၊ လျှပ်(၃၁)၊ လျှပ်(၃၃)၊ လျှပ်(၃၄)၊ လျှပ်(၃၅)၊ လျှပ်(၃၆)၊ လျှပ်(၃၇)၊ လျှပ်(၃၈)၊ လျှပ်(၃၉)၊ လျှပ်(၄၂)၊ လျှပ်(၄၄)၊ လျှပ်(၄၈)၊ လျှပ်(၄၉)၊ လျှပ်(၅၀)၊ လျှပ်(၅၂)၊ လျှပ်(၅၃)၊ လျှပ်(၅၇)၊ လျှပ်(၅၉)၊ လျှပ်(၆၂)၊ လျှပ်(၆၃)၊ လျှပ်(၆၉)၊ လျှပ်(၇၀)၊ လျှပ်(၇၁)၊ လျှပ်(၇၆)၊ လျှပ်(၇၇)၊ လျှပ်(၇၈)၊ လျှပ်(၇၉)၊ လျှပ်(၈၁)၊ လျှပ်(၈၅)၊ လျှပ်(၈၉)၊ လျှပ်(၉၄)၊ လျှပ်(၉၅)၊ လျှပ်(၉၆)၊ လျှပ်(၉၉)၊ လျှပ်(၁၀၀)။

၄။ လူတွေ့စစ်ဆေးရန်လာရောက်စဉ် ကြိုတင်ထုတ်ပေးထားသော ပုံစံအားဓာတ်ပုံအပါအဝင် ငါးစုံပြည့်စုံစွာဖြည့်စွက်ပြီး ပညာအရည်အချင်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ ထုတ်ယူထားသော ဖြေဆိုခွင့်ကတ်များနှင့်အတူ တစ်ပါတည်း ယူဆောင်လာရန် အကြောင်းကြားပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခင်မောင်ဝင်း-ဒေါ်အေးတို့၏သားဖြစ်သူ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒ 3IC. 84)မှ မောင်လွှမ်းဖြိုးအောင်နှင့် မောင်ဝင်းမင်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖ ဦးဖိုးမြင့်၏သား မုံရွာမြို့ အထက(၁)သတ္တမတန်း(A)မှ မောင်မင်းဟိန်းအား ယနေ့မှစ၍ မောင်မင်းသန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသန့်ကို။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၁၉၃၃၂ လက်ဝယ်ရှိသူ ဦးကိုကိုကြီး ၇/ရတရ(နိုင်)၀၅၀၂၄၀က (ကမ-၃)ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)။

ကားရောင်းမည်

Ninestar

၈ခ/.... ကျပ် ၇၅ သိန်း

မိတ္ထီလာဂျစ်

၈ခ/.... ကျပ် ၇၅ သိန်း

ဖုန်း-၇၂၁၃၇၃။

အမည်ပြောင်း

တောင်ကြီးမြို့ အောင်သပြေတွဲ အထက တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းဝေဦးအား ယနေ့မှစ၍ မငြိမ်းဝေဦးဟု ပြောင်းလဲခေါ်ပါရန်။

မငြိမ်းဝေဦး။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အောင်သပြေတွဲ အထက တက္ကသိုလ်ဝင်တန်း(B)မှ မငြိမ်းဝေဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးအောင် ဖြစ်ပါကြောင်း။

ဦးစိုးအောင်။

မိဘအမည်မှန်

အထက(၃)ကမာရွတ် Grade-10(A)မှ မောင်အောင်ကောင်းမြတ်၏ မိဘအမည်မှန်မှာ ဦးမျိုးလွင် ၁၂/ ကမရ(နိုင်)၀၁၆၀၀၆-ဒေါ်ငွေငွေဝင်း ၁၂/ကမရ(နိုင်)၀၁၅၃၄၆ ဖြစ်ပါကြောင်း။

ဆုနှင်းသဘင် ဖိတ်ကြားလွှာ

KMC ပညာ့ရိပ်သာနှင့် ဦးခင်မောင်ချို ရူပဗေဒအထူးသင်တန်းတို့မှ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသော တပည့်များအား အောက်ပါအစီအစဉ်အတိုင်း ထိုက်တန်စွာ ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မန္တလေးမြို့တော်ခန်းမ(၁)၊ ၂၆-၁၀-၂၀၀၈ရက် (တနင်္ဂနွေနေ့)၊

နံနက်ပိုင်း၊ KMC ပညာ့ရိပ်သာ၊ မန္တလေး၊

ဖုန်း-၀၂-၆၆၆၇၆၊ ၆၂၂၈၇၊ ၃၅၈၄၄။

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စက်တင်ဘာ၃၀ရက်က ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး မီးဘေးလုံခြုံရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်

မြစ်ကြီးနား အောက်တိုဘာ ၁၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ၊ သခင်နက်ဖေလမ်းနှင့် အောင်ဆန်းလမ်းမကြီးတစ်လျှောက် အမှိုက်သိမ်းယာဉ် သုံးစီး၊ မြို့မဈေးကြီးမှထွက်ရှိသော အမှိုက်များအတွက် အမှိုက်သိမ်းယာဉ် တစ်စီး၊ အခြားရပ်ကွက်များသို့ အလှည့်ကျ တစ်စီး၊ ခေါင်းလောင်းတီး အမှိုက်သိမ်းစွန့်ပစ်လုပ်ငန်းကို အမှိုက်သိမ်းယာဉ် ငါးစီးဖြင့် စက်တင်ဘာ ၁၅ရက်က ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် ဦးစီးအရာရှိ ဦးဂျွန်စယ်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဆားလင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေး ရေလှောင်ကန်အမိုးပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၄ရက်က အမှုဆောင်အရာရှိ ဦးရဲထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ယင်းမာလမ်းနှင့် မဂ္ဂင်လမ်းဆုံထိပ်တွင် မြေယာရှုခင်း အဝိုင်းပတ်အလှ ဆင်ယင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စက်တင်ဘာ ၂၀ရက်က ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းမှ မောင်ထက်လင်းအောင်(G-5) ၏ (၁၀)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရအဖြစ် ကြာဆံချက်ကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်းပြည်ပ ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၇ ရက် **(စနေနေ့)** နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုအုန်းကျော် ဖုန်း-၀၉-၅၁-၇၁၆၂၂၊ ကိုကျော်လင်း ဖုန်း-၀၉-၅၀-၁၀၃၈၅၊ ကိုမောင်မောင်မြင့် ဖုန်း-၀၉-၈၀-၃၃၁၃၃၊ ကိုအောင်ကျော်ဖုံ ဖုန်း-၀၉-၅၁-၃၈၅၁၃၊ ကိုဝင်းမောင် ဖုန်း-၀၉-၅၀၇၁၅၂၊ ကိုဝင်းနိုင် ဖုန်း-၀၁-၆၄၁၃၂၁၊ မစန်းစန်းအေး ဖုန်း-၀၉-၅၁-၅၄၁၁၁၊ မကြေးရီ ဖုန်း-၀၁-၆၄၂၅၆၂၊ ကိုအောင်ဝင်း ဖုန်း-၀၉-၅၀-၀၈၇၅၂၊ ကိုဇော်ထွန်းသင် ဖုန်း-၀၉-၅၁-၂၈၅၉၃ နှင့် မစိုးစိုးတင် ဖုန်း-၀၉-၅၁-၁၁၉၀၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ခေတ်နှင့်အညီ တိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းကောင်းများကို အကျိုးရှိအောင်အသုံးချ

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာန (IMCEITS) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းဌာနအတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား နေပြည်တော်၌ကျင်းပ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၇

၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✳

တိုက်ကြီး-ရန်ကုန် ခရီးသည်တင်ယာဉ်ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းမှာ ဂက်စ်အိုး၏ ချို့ယွင်းချက်ကြောင့်မဟုတ်ဘဲ ယာဉ်အားအရှိန်ပြင်းထန်စွာ မဆင်မခြင် မောင်းနှင်မှု၊ ယာဉ်ကြံ့ခိုင်ရေးအားနည်းမှုတို့ကြောင့် ယာဉ်တိမ်းမှောက်ပြီး ကားပေါ်ပါ ဂက်စ်အိုးလေးလုံး အချင်းချင်း ပြင်းထန်စွာရိုက်ခတ်မိရာမှ အပြင်းထန်ဆုံးရိုက်ခတ်ခြင်းခံရသည့် ဂက်စ်အိုးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများ၏ စုံစမ်းစစ်ဆေးချက်များအရ သိရှိရ

နေပြည်တော် အောက်တိုဘာ ၁၇

တိုက်ကြီး-ရန်ကုန် ပြေးဆွဲသော ခရီးသည်တင်ယာဉ် ဟိုင်းလတ်ယာဉ်အမှတ် ပ/၁၆၀၂သည် တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာစဉ် အောက်တိုဘာ၁၃ရက် နံနက် ၂နာရီ ၃၅မိနစ်ခန့်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနရှေ့သို့အရောက် ပေါက်ကွဲမှုဖြစ်ပွားပြီး ယာဉ်ပေါ်ပါ အမျိုးသား၊ အမျိုးသမီး ခုနစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို သက်ဆိုင်ရာက ကျွမ်းကျင်သူများဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဂျိုင်းဆက်ပြုတ်ထွက်

စုံစမ်းစစ်ဆေးချက်များအရ ယာဉ်မောင်း ဦးမျိုးအောင် မောင်းနှင်သည့် ခရီးသည်တင် ဟိုင်းလတ်ယာဉ်သည် အင်းစိန်လမ်းမကြီးအတိုင်း မြောက်မှတောင်သို့ တစ်နာရီလျှင် ကီလိုမီတာ၁၀၀ကျော်ဖြင့် အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ကြောင်း၊ ထိုသို့မောင်းနှင်လာစဉ် အခင်းဖြစ်ပွားသည့်နေရာအရောက်၌ ကားအောက်မှ ဂျိုင်းဆက်ပြုတ်ထွက်ပြီး ကတ္တရာလမ်းနှင့် ထောက်သွားခဲ့ကြောင်း၊ ထို့နောက် ယင်းနေရာမှ ၄၃သမ၂ပေခန့်အကွာတွင် ဒုတိယအကြိမ် အရှိန်ပြင်းစွာ ထပ်မံထောက်မိသဖြင့် ယာဉ်နောက်တွင် လိုက်ပါလာသူခရီးသည် ဦးကျော်လှသည် လမ်းပေါ်သို့ပြုတ်ကျကာ ဒဏ်ရာများရရှိသွားခဲ့ကြောင်း၊ ယင်းနောက် ဒုတိယအကြိမ် ထောက်မိသည့်နေရာမှ ၂ပေခန့်အကွာတွင် တတိယအကြိမ် ထောက်မိသဖြင့် ယာဉ်သည် အရှိန်ပြင်းစွာမြောက်တက်ကာ လမ်းလယ်ခုံတုံးကို တိုက်မိပြီး *စာမျက်နှာ ၁၂ ကော်လံ ၁* ●